# မေးလေ့မေးထရှိသောမေးခွန်းများ

**ပရမတ်တရား.**
ပရမတ်တရားအကြောင်း သမ္မာကျမ်းစာက မည်သို့ဖွင့်ဆိုထားသနည်း။

**အရက်/ ဝိုင်**
အရက်/ဝိုင် ကိုအတော်အသင့်သောက်ခြင်းအား သမ္မာကျမ်းစာက ခွင့်ပြုထားပါသလား၊ အရက်သေစာသောက်သုံးခြင်းအကြောင်းနှင့်ပတ်သက်၍ မည်သည့် အတိတ်ဖြစ်ရပ်များနှင့်ဝိညာဉ်ရေးဆိုင်ရာအချက်အလက်များကို သမ္မာကျမ်းစာတွင် ဖော်ပြထားသနည်း။

**လက်ဖွဲ့အဆောင်များ၊**
လက်ဖွဲ့များကိုဆောင်သူများအကြောင်း မည်သို့ထာဝရဘုရားမိန့်ဆိုထားသနည်း။

**တိရိစ္ဆာန်များ**
တိရိစ္ဆာန်များကောင်းကင်နိုင်ငံတော်သို့ဝင်စားကြမည်လား။

**အန္တိခရစ်**
အန္တိခရစ်ဆိုတာဘာလဲ။ ဘယ်သူလဲ။

**Ash Wednesday ဝါတွင်းအစရက်**
ဤနေ့ရက်အကြောင်းကိုသမ္မာကျမ်းစာတွင်ဖော်ပြထားပါသလား။

**နက္ခတ်ဗေဒ**
နက္ခတ်ဗေဒင်အကြောင်းကိုသမ္မာကျမ်းစာတွင်ဖော်ပြပါသလား။

**နှစ်ခြင်းမင်္ဂလာ (ဗတ္တိဇံခံခြင်း)**
နှစ်ခြင်းမင်္ဂလာမခံယူမီ လုပ်ဆောင်ရမည့်အရာများရှိပါသလား၊ နှစ်ခြင်းမင်္ဂလာခံခြင်းသည် ကယ်တင်ခြင်းအတွက်လိုအပ်ပါသလား။

## သမ္မာကျမ်းစာ

- သမ္မာကျမ်းစာသည်အမှားအယွင်းကင်းပါသလား။
- ကျမ်းချက်တစ်ချက်နှင့်တစ်ချက် ဆန့်ကျင်မှုများရှိပါသလား။
- အကြောင်းအချက်များနှင့်အသေးအဖွဲကိစ္စများ။
- ကင်းဂျိမ်းဗားရှင်း၏ရာဇဝင်နောက်ခံ။
- သမ္မာကျမ်းစာသည် မှန်ကန်ပါသလား။
- ဘုရားသခင်မှုတ်သွင်းသော အရာဖြစ်သည်ဆိုတာမှန်ကန်ပါသလား။
- သမ္မာကျမ်းစာသည်ယုံကြည်ခြင်းအတွက်ခိုင်မာသော စည်းမျဉ်းတခုဖြစ်ပါသလား။
- သမ္မာကျမ်းစာကိုမည်သည့်ဘာသာစကားဖြင့် ရှေးဦးစွာမှတ်တမ်းတင်ခဲ့သနည်း။
- သမ္မာကျမ်းစာကိုမည်သူရေးသားခဲ့သနည်း။

* ဝိညာဉ်တော်ကိုကဲ့ရဲ့သောအပြစ်
အပြစ်လွှတ်ခြင်းအခွင့်မရနိုင်သောအပြစ်သည် မည်သည့်အရာဖြစ်သနည်း။
* ကာဣန၏ဇနီး
မည်သူသည်ကာဣန၏ဇနီးဖြစ်သနည်း၊
* သေဒဏ်ပေးခြင်း
သေဒဏ်ပေးခြင်းသည် သမ္မာကျမ်းစာ၏သွန်သင်ချက်ဖြစ်ပါသလား။
* နတ်ဝင်သည်လုပ်ငန်း
ဘုရားသခင်ကနတ်ဝင်သည်များအကြောင်းကိုမည့်သို့ဖွင့်ဆိုထားသနည်း။
* ခရစ်ယာန်အယူဝါဒ
မည်သည့်အရာသည် ခရစ်ယာန်ဘာသာအယူဝါဒ၏အနှစ်သာရဖြစ်သနည်း။
* ခရစ်စ္စမတ်သစ်ပင်
ဤသစ်ပင်နှင့်ပတ်သက်၍ ကျမ်းကိုးကျမ်းကားရှိပါသလား။
* ခရစ်တော်အတုယောင်များ
ခရစ်တော်အတုနှင့်အစစ်ကို မည်သို့ခွဲခြားမည်နည်း။
* မီးသဂြိုလ်ခြင်း
မီးသဂြိုလ်ခြင်းအကြောင်းဖွင့်ဆိုထားသည့်ကျမ်းချက်ရှိပါသလား။

* ကပ်တိုင်တင်ခြင်း
  မည်သည့်အချိန်တွင် ကပ်တိုင်တင်ခဲ့သနည်း။
* သလင်းကျောက်
  သမ္မာကျမ်းစာက သလင်းကျောက်အကြောင်းမည်သို့ ဖွင့်ဆိုထားသနည်း။
* အသင်းထောက်
  တစ်ခုလပ်ဖြစ်နေသောပုဂ္ဂိုလ်တစ်ဦး အသင်းထောက်ဖြစ်ရန်လိုအပ်သော အရည်အချင်းများ။
* သေခြင်းတရား
  သမ္မာကျမ်းစာက သေခြင်းအကြောင်းမည်သို့ဖွင့်ဆိုထားသနည်း။
* ခရစ်ယာန်အသင်းတော်များ
  အဘယ်ကြောင့်ဤမျှလောက်များပြားနေရသနည်း။
* ဒိုင်နိုဆော
  ဒိုင်နိုဆောအကြောင်းကို သမ္မာကျမ်းစာတွင်ဖွင့်ဆိုထားပါသလား။
* တမန်တော်များ
  မည်သူတို့သည် တမန်တော် (၁၂) ပါးဖြစ်သနည်း။
* လောင်းကစားခြင်း
  သမ္မာကျမ်းစာက လောင်းကစားခြင်းအကြောင်း မည်သို့ဖွင့်ဆိုထားပါသနည်း။
* သင်း၍ှိုင်းဂူမှ ဝိညာဉ်များနိုးထသည့်နေ့ (အောက်တိုဘာလ ၃၁ ရက်)
  ထိုနေ့ကျင်းပခြင်းသည် မှားပါသလား။
* လူမျိုးကွဲများနှင့်အိမ်ထောင်ပြုခြင်း
  ဤအကြောင်းကို သမ္မာကျမ်းစာက မည်သို့ဖွင့်ဆိုထားသနည်း။
* အစ္စလာမ်ဘာသာ
  မွတ်စလင်/အစ္စလာမ်ဘာသာအယူဝါဒ အကြောင်းကို သမ္မာကျမ်းစာက မည်သို့ ဖွင့်ဆိုထားသနည်း။
* ယေရှု
  ယေရှု၌ညီအကိုမောင်နှမများရှိပါသလား။
* ဂျူးလူမျိုး
  ဂျူးလူမျိုး များသည် ဘုရားသခင်ရွေးချယ်သည့်လူများဖြစ်ပါသလား။

* လောတ၏ဇနီး
  အမည်မှာ မည်သို့ဖြစ်သနည်း။
* ငြိမ်သက်ခြင်း
  ငြိမ်သက်ခြင်းကို မည်သည့်အချိန်တွင် မည်သို့ရနိုင်သနည်း။
* ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်း
  ခရစ်တော်လျို့ဝှက်စွာဒုတိယအကြိမ်ကြွလာခြင်းအကြောင်းကို သမ္မာကျမ်းစာကမည်သို့ဖွင့်ဆိုထားပါသနည်း။
  - ထိုအရာက ကျွန်ုပ်တို့အား မည်သို့ပြောင်းလဲသွားစေနိုင်သနည်း၊
  - ထိုအရာက ကျွန်ုပ်တို့အား မည်သည့်အရာကို အမှန်တကယ်သွန်သင်နေပါသနည်း။
* သေပြစ်ထိုက်သောအပြစ် (၇) ခု
  မည်သည့်အရာများသည် သေပြစ်ထိုက်သောအပြစ်များဖြစ်သနည်း။
* မဲပေးခြင်း
  နိုင်ငံရေးကိစ္စများအတွက် ခရစ်ယာန်များမဲပေးသင့်ပါသလား။
* စစ်ပွဲ
  အီရတ်စစ်ပွဲသည် မည့်သည့်အရာကိုဦးတည်နေပါသနည်း။
* ပညာရှိများ
  မာကုပညာရှိ (၃) ဦးတို့၏အမည်များမှာ အဘယ်သို့နည်း။

-----o-----

## ပရမတ်တရား (ဝါ) ပရမတ္ထတရား

ပရမတ်တရားအကြောင်းကို သမ္မာကျမ်းစာက မည်သို့ဖွင့်ဆိုထားပါသနည်း။ လေယာဉ်ပျံအငယ်စားတစ်စင်းကို တစ်ယောက်တည်း မောင်းလာသော လေယာဉ်မောင်သမားတစ်ဦးသည် အင်မတန်သိပ်သည်းမှောင်မည်းသည့်တိမ်တိုက်များဆီသို့ ဦးတည်ချည်းကပ်လျှက်ရှိပါသည်။ ထိုတိမ်တိုက်များကိုရှောင်ရှားနိုင်ရန် နောက်ကြောင်းပြန်လျှင်ကောင်းမည်လားဟု သူစဉ်းစားနေသော်လည်း လောင်စာမှာ အတော်လျော့နည်းနေပြီးဖြစ်သည့်ပြင် နောက်ကြောင်းပြန်သည်ထက် ရှေ့တွင်ရှိသောလေယာဉ်ကွင်းများ ပို၍နီးနေပြီဖြစ်သဖြင့် ရှေ့သို့ဆက်လက်ပျံသန်းဖို့ သူဆုံးဖြတ်လိုက်ပါသည်။

မကြာမီမှာပင် သူသည် ရှေ့နောက်ဝဲယာကိုလုံးဝ မမြင်နိုင်တော့သည့် အမှောင်ထုထဲသို့ ရောက်သွားပါသည်။ လေယာဉ်သည်အထက်သို့ဦးတည်ပျံသန်းနေသည်ဟုသူခံစားရသဖြင့် လေယာဉ်ရှိသက်ဆိုင်ရာသံလိုက်အိမ်မြှောင်များကို သူကြည့်လိုက်ရာ လေယာဉ်သည်အထက်မတက် အောက်မဆင်းပဲ ရှေ့သို့တည့်တည့်ပျံသန်းနေကြောင်း ဖေါ်ပြနေသည်ကိုတွေ့ရပါသည်။ သို့ရာတွင် မိမိ၏လေယာဉ်သည် အထက်သို့ထောင်တက်နေသည်ဟု ထင်မြင်မှုသည် ပိုမိုအားကောင်းလာရာ လေယာဉ်ရှိဒိုင်ခွက်များပျက်စီးကုန်ပြီးလား. ဒီဒိုင်ခွက်တွေကို အားကိုးလို့ရနိုင်မလား စသည့်သံသယစိတ်များဝင်လာကာ တစ်ကိုယ်လုံးတုန်ရီနေပါတော့သည်။

နောက်ဆုံးတွင် သူ၏ခံစားချက်များက အောင်ပွဲဆင်သွားခဲ့ပါသည်။ ဤဒိုင်ခွက်များမှာ ပျက်နေပြီးဖြစ်သဖြင့် အားကိုးရန် မသင့်တော်တော့ပါဟု သူဆုံးဖြတ်ကာ ပညာအသိဖြင့်မဟုတ် ခံစားချက်ကိုအခြေခံလျှက် သူ၏လေယာဉ်ကို အောက်သို့ဦးတည်မောင်းနှင်လိုက်ပါသည်။

မှိုင်းပြာမှုန်ရီလျှက်ရှိသော ကောင်းကင်ပြင်ကြီးအောက်တွင်မိမိ၏စပါးကျီရှိရာသို့ ဦးတည်သွားလျှက်ရှိသည့် လယ်သမားကြီးတစ်ယောက်သည် မြေနှင်းရှုပ်လျှက်ပျံသန်းလာသော လေယာဉ်ပျံတစ်စင်းကိုတွေ့လိုက်ရပြီ မကြာမီမှာပင် ကြီးမားသောပေါက်ကွဲသံကြီးတစ်ခုကိုသူကြားလိုက်ရပါသည်။ ထိုလေယာဉ်ပျံပျက်ကျ သွားချေပြီ ထိုဝမ်းနည်းစရာဖြစ်ရပ်ကို မည်သည့်အရာကဖြစ်စေခဲ့သနည်း။ ထိုလေယာဉ်မှူး၌ ပရမတ္တတရားတည်းဟူသော ဒိုင်ခွက်ရှိပါသော်လည်းသူသည်

ပရမတ္ထတရား (မပြောင်းလဲနိုင်သည့်အမှန်တရား) နှင့်တူသောဒိုင်ခွက်အပေါ် ယုံကြည်ကိုးစားခြင်းမရှိပဲ သူ၏ခံစားချက် ထင်မြင်သုံးသပ်ချက်ကို ဦးစားပေးကိုးစားခဲ့ပါသည်။

'အမှန်တရားမရှိတော့ပြီ' ဟု နေရာတကာတွင်လုံးဝဥဿုံကြွေးကြော်နေကြပါသည်။ သင်ကြိုက်သလိုတွေးပါ။ ကြိုက်သလိုပြောပါ။ ကြိုက်တာကိုလုပ်ပါ။ တစ်ခုတည်းသောအမှန်တရားမှာ၊ ကျွန်ုပ်တို့၏ ပုဂ္ဂိုလိက တန်ဖိုးများသာဖြစ်နေပါသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့ ကြိုက်သမျှအရာများသည် အမှန်တရားဖြစ်သည်ဟု အများကဆိုနေကြပါသည်။ အကာအကွယ်နှင့်ငြိမ်ဝပ်မှုများကိုအတိုင်းအတာတစ်ခုအထိ ပေးတတ်သည့်လူ့အသိုင်းအဝိုင်းမှ ဥပဒေများသည်ပင်လျှင် ၎င်းတို့၏မျက်စိထဲတွင် မှန်သည်၊ ကောင်းသည်၊ ထင်သည့်အရာများကို မလုပ်အောင် တားမြစ်တတ်ပါသည်။ ကျမ်းစာအချိန်တွင် ဤကဲ့သို့သောအဖြစ်အပျက်များဖြစ်ပျက်ခဲ့ဖူးပါသည်။ တရားသူကြီး ၁၇း၆၊ ၂၁း၂၅

အကျိုးဆက်အဖြစ် သမ္မာကျမ်းစာထဲတွင် ဖေါ်ပြထားသည့်အတိုင်းကျွန်ုပ်တို့သည် မကောင်းကိုအကောင်း၊ အကောင်းကိုမကောင်း၊ ဟုခေါ်ကြလိမ့်မည်။ အကောင်းနှင့်အဆိုးကိုတိကျပြတ်သားစွာ လူသားတို့သိရှိရန် ထာဝရဘုရားပြုပြင်တော်မူပြီးဖြစ်သဖြင့် ထိုကဲ့သို့သောပုဂ္ဂိုလ်များကို အမင်္ဂလာရှိကြသည်ဟု ထာဝရဘုရားမိန့်တော်မူလိမ့်မည်။ ပုဂ္ဂိုလ်တစ်ယောက်သည် နာခံခြင်းမရှိမှုတွင် ယခုထက်တိုင်တည်ရှိကာ ဤထူးခြားမှုကိုသိရှိနိုင်စွမ်းမရှိတော့သည့်အချိန်တွင် အမင်္ဂလာဖြစ်လာပြီ ပျက်စီးဆုံးရှုံးမှုအန္တရာယ်နှင့်နီးကပ်သွားပါသည်။

များစွာသောလူတို့၏ယခုခေတ်အယူအဆမှာ လူတစ်ဦးသည် မိမိ၏တန်ဖိုးကို မိမိကိုယ်တိုင်သတ်မှတ်နိုင်စွမ်းရှိသည်။ အခြားတစ်စုံတစ်ယောက်၏ထောက်ခံချက်အားဖြင့် မိမိ၏တန်ဖိုးကို ဖန်တီးရန်သင့်တော်မှုရှိသည် ဟူ၍ဖြစ်သည်။

ဤအကြောင်းအရာနှင့်စပ်လျဉ်း၍ သမ္မာကျမ်းစာ၏ဖွင့်ဆိုချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

မည့်သည့်အရာသည် သမ္မကျမ်းစာ၏ အခြေအမြစ်ဖြစ်သနည်း။ ထိုအခြေအမြစ်သည် သမ္မာကျမ်းစာထဲမှာပင်ရှိနေသည်။ "ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းခြင်းအားဖြင့်ဖြစ်၏" (၂တိ ၃း၁၆) "ထာဝရဘုရားမိန့်တော် မူသည်ကား" (ယေရမိ ၄း၂၇)" အစအဦး၌ သခင်ဘုရားပေးတော်မူသော ဒေသနာစကား" (ဟေဗြဲ ၂း၂-၃) ဟူသောဖွင့်ဆိုချက်များဖြစ်ပါသည်။

ကျမ်းစာရှိသမျှတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်များဖြစ်သည်ကို အကြိမ်ပေါင်း ၃၇၀ ထက်မနည်း ဓမ္မဟောင်းကျမ်းတွင်ဖေါ်ပြထားပါသည်။ သမ္မာကျမ်းစာတွင် မှတ်တမ်းတင်ထားသည့်ဘုရားသခင်၏ပညာတ်တော်များသည် ကိုတော်ရှင်၏စာရိတ္တ- အပြောနှင့်အလုပ်ရှေ့နောက်ညီညွတ်ခြင်းများမှပေါက်ဖွားလာသောအရာများဖြစ်သည်။

သမ္မာကျမ်းစာ၏ဖွင့်ဆိုချက်များ။

မာလခိ ၃း၆။ ငါသည် ထာဝရဘုရားဖြစ်၏ ပြောင်းလဲခြင်းမရှိ။

ဆာလံကျမ်း ၉၃း၅။ သက်သေခံတော်မူချက်တို့သည် အလွန်မြဲမြံကြပါစေ။

ယောဟန် ၁၇း၁၇။ ကိုယ်တော်၏နှုတ်ကပတ်သည် သမ္မာတရားဖြစ်ပါ၏။

၁ ပေ ၁း၂၃။ မဖေါက်ပြန်မပျက်စီးတတ်သော မျိုးစေ့တည်းဟူသော ဘုရားသခင်၏နှုတ်ကပတ်တော်။

မဿဲ ၂၄း၃၅။ ငါ့စကားတည်လိမ့်မည်။

ဆာလံ ၁၁၁း၇-၈။ ပညတ်တော်အလုံးစုံတို့သည် ဖေါက်ပြန်ခြင်းသဘောနှင့်ကင်းလွတ်ကြ၏. . အစဉ်အမြဲတည်ကြ၏။

ယောဟန် ၁၀း၃၅။ ကျမ်းစာကိုမပယ်ရ။

ဟေရှာယ ၈း၂၀။ သူတို့ပြောသောစကားသည် နှုတ်ကပတ်တော်နှင့်မညီလျှင် သူတို့၌ အရုဏ်မတက်သေး။

ယာကုပ် ၂း၁၂။ လွတ်ခြင်းတရားအတိုင်းစီရင်ခြင်းကို ခံရလတံ့သောသူကဲ့သို့ စကားပြောခြင်း၊ အမှုပြုခြင်းကိုစီရင်ကြလော့။

ရောမ ၂း၆၊၁၁။ ဘုရားသခင်သည်လူအသီးသီးတို့အားမိမိတို့အကျင့်နှင့်အလျောက် အကျိုးအပြစ်ကို ဆပ်ပေးတော်မူလတံ့၊ အဘယ်သူ၏မျက်နှာကိုမျှ မှတ်တော်မမူ။

ဒေသနာ ၁၁း၉။ အချင်းလူပျို အသက်ပျိုသောအခါ ပျော်မွေ့လော့၊ အသက်ပျိုစဉ်ကာလာတွင် စိတ်ရွှင်လန်းခြင်းရှိလော့၊ ကိုယ်အလိုရှိရာလမ်းနှင့် ကိုယ်ဉာဏ်ပြသောလမ်းကိုလိုက်လော့၊ သို့ရာတွင် ထိုအမှုအလုံးစုံတို့ကို ဘုရားသခင်စစ်ကြော၍ သင့်ကိုအပြစ်ပေးတော်မူမည်ဟု အောက်မေ့လော့။

အသက်တာတွင်ပျော်ရွှင် ရွှင်လန်းနေထိုင်ရန် ပညာရှိရှောလမုန်မင်းက ပြောနေထိုင်သလို ထာဝရဘုရားသခင်ကလည်း ကျွန်ုပ်တို့ပျော်ပျော်ရွှင်ရွှင်အသက်ရှင်နေထိုင်သည်ကို လိုလားတော်မူပါသည်။ သို့ရာတွင် ကျွန်ုပ်တို့လိုက်စားခဲ့သည့်ပျော်ရွှင်မှုသည် ပရမတ်တရား (ဝါ) အမှန်တရားနှင့်ညီ၊ မညီ ကိုမူ ထာဝရဘုရား စစ်ကြောမည်ဆိုသည့်အကြောင်း သတိမြဲမြဲထားကြရပါသည်။

ကိုယ်ကျင့်တရား ဝိညာဉ်ရေးနှင့်တကွ အာဏာတန်ခိုးများ၏ ပြောင်းလဲမှုမရှိသော တစ်ခုတည်းသော အခြေအမြစ်မှာ ထာဝရဘုရားနှင့်ကိုယ်တော်၏ နှုတ်ကပတ်တော်ပင်ဖြစ်ပါသည်။ နှုတ်ကပတ်တော်မြတ်သည် ထာဝရဘုရားသန့်ရှင်းတော်မူသကဲ့သို့ သန့်ရှင်းတော်မူပါသည်။ ဤအရာသည်သာ ကျွန်ုပ်တို့အတွက် စစ်မှန်သော ပရမတ္တတရားဖြစ်ပါသည်။ ကျွန်ုပ်တို့အတွက် အခြားပရမတ္တတရားမရှိပါ။ တနည်းပြောရလျှင် သင်ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ၊ သင်ရွေးချယ်သည်ဖြစ်စေ၊ မရွေးချယ်သည်ဖြစ်စေ၊ သင်လိုလားသည်ဖြစ်စေ၊ မလိုလားသည်ဖြစ်စေ၊ ဤအချက်သည် ရှောင်လွှဲလို့မရသည့် အလွန်ကြီးကျယ်သော လက်တွေ့အခြေအနေတစ်ခုဖြစ်ပါသည်။ ကမ္ဘာမြေကြီး၏ဆွဲငင်အားနှင့် အလင်းရောင်များတို့အလား စကြာဝဠာ၏ အနှစ်သာရတွင် ကမ္ဘာတစ်ခုအဖြစ်ဤအရာလည်းပါဝင်နေပါသည်။

ပြဿနာတစ်ခုအတွက်အဖြေကိုသမ္မာကျမ်းစာမှ အလွယ်တကူထုတ်ယူရန်မှာအမြဲတစေကြီးတော့မဖြစ်နိုင်ပါ။ အဖြေနှင့် နားလည်သဘောပေါက်မှုများသည်အခက်အခဲမရှိပဲအလျှင်အမြန် အမြဲတမ်းကြီးပေါ်ထွက်လာတတ်သည် မဟုတ်ပါ။ စိတ်ရှည်သည်းခံလျက် နှိမ့်ချသောစိတ်ဖြင့် ဆုတောင်းရှာဖွေလျှင်မူ အဆုံးတွင် ကျွန်ုပ်တို့လိုချင်သည့်အဖြေကို ထာဝရဘုရားပေးတော်မူပါလိမ့်မည်။ (ယေရမိ ၂၉း၁၃) အရေးကြီးသည့်အချက်တစ်ခုမှာ ကျွန်ုပ်တို့အတွက်လမ်းညွှန်တစ်ခုအဖြစ်လည်းကောင်း၊ ပတ်ဝန်းကျင်၏တိုက်ခတ် ပြောဆိုမှုများအတွက် အကာအကွယ်အဖြစ်လည်းကောင်း၊ သမ္မာကျမ်းစာကိုမြဲမြံစွာဖတ်၍ နှလုံးသွင်းထားနေခြင်းပင်ဖြစ်သည်။

'ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ကိုးစားလော့' ဟု သမ္မာကျမ်းစာကလည်း အားပေးထားပါသည်။ သုတ္တံ ၃း၅။

## အတော်အသင့်အရက်သောက်ခြင်းကို သမ္မာကျမ်းစာက ခွင့်ပြုထားပါသလား။

သမ္မာကျမ်းစာတွင် ဖေါ်ပြထားသည့်အရက်သောက်တတ်သူများအကြောင်းနှင့် အရက်ကြောင့် ခန္ဓာကိုယ်တွင် ဖြစ်ပေါ်သည့် ထိခိုက်မှုများအကြောင်းကို လေ့လာကြပါစို့။

<u>သမ္မာကျမ်းစာမှသာဓကများ-</u>

အာရုန်နှင့်တကွ ယဇ်ပုရောဟိတ်များဖြစ်ကြသည့် ၎င်း၏သားများအား ပရိတ်သတ်စည်းဝေးရာ တဲတော်ထဲသို့ဝင်သောအချိန်တွင် စပျစ်ရည်ဖြစ်စေ၊ အရက်ဖြစ်စေ၊ မသောက်ကြရန် တင်းကြပ်စွာတားမြစ်ခဲ့ပါသည်။ (ဝတ် ၁၀း၉) နာဇရိလူတို့အား သစ္စာစောင့်သောကာလပတ်လုံး စပျစ်ရည်နှင့် ယစ်မျိုးများကို မသောက်ရန် တားမြစ်ခဲ့ပါသည်။ (တောလည် ၆း၃၊ ၂၀၊ တရားသူကြီး၁၃း၄-၇) ရေခပ်အမျိုးသားများသည် ဘိုးဘေးယောနဒပ်၏အမိန့်ကို စွဲစွဲမြဲမြဲနာခံသည့် အနေဖြင့် စပျစ်ရည်ကိုလုံးဝရှောင်ကြည်သည့်အသက်တာ၌ အသက်ရှင်နေထိုင်ခဲ့ကြပါသည်။ (ယေရမိ ၃၅း၂း၅ - ၆၊၈၊၁၄) သုတ္တံကျမ်း၌လည်း စပျစ်ရည်နှင့် အရက်များကို ရှောင်ကြည်ရန် သတိပေးချက်များနှင့် ပြည့်နှက်နေပါသည်။ (သုတ္တံ ၂၀း၁၊၂၁း၁၇၊ ၂၃း၃၀၊ ၃၁၊ ၃၁း၄)စပျစ်ရည်သည်လှည့်စားတတ်သည်ဟု ၂၀း၁ တွင် ဖေါ်ပြထားပါသည်။ စပျစ်ရည်သောက်ခြင်းကြောင့် ညည်းတွားမြည်တမ်းခြင်း ရန်တွေ့ခြင်း ထိခိုက်နာကျင်မှုများ ဖြစ်စေကြောင်းကိုလည်း ၂၃း၂၉-၃၀ တွင် ရေးသားထားပါသည်။ အငယ် ၃၂ တွင်မူ "နောက်ဆုံး၌မြွေကဲ့သို့ကိုက်တတ်၏၊ မြွေဆိုးကဲ့သို့နာစေတတ်၏၊' ဟုသတိပေးထားပါသည်။ 'စပျစ်ရည်ကိုများစွာသောက်နိုင်သောသူ ဆေးနှင့်ရောသောသေရည်သေရက်ကို သောက်ခြင်းအမှု၌ အားကြီးသောသူတို့သည် အမင်္ဂလာရှိကြ၏'ဟု ဟေရှာယ ကလည်းဖွင့်ဆိုထားပါသည်။ (ဟေရှာ ၅း၂၂) ဒံယေလနှင့်အဖေါ်များကလည်း ဘုရင်စားပွဲမှ စပျစ်ရည်များကို သောက်ရန်ငြင်းဆိုခဲ့သည့် သာဓကကောင်းများကိုပြခဲ့ကြပါသည်။ (ဒံ ၁း၅၊ ၈၊၁၀-၁၆) ဒံယေလသည် အစာရှောင်စဉ်ကာလအတွင်း အမဲသားစားခြင်းနှင့် စပျစ်ရည်သောက်ခြင်းကိုရှောင်ခဲ့ပါသည်။ (ဒံ ၁၀း၃)

**OISNOS -** အိုအစ်နိုးစ် ဆိုသည့် ဝေါဟာရသည် ဓမ္မသစ်ကျမ်းတွင်တွေ့ရသော ကစော်ဖေါက်ပြီး စပျစ်ရည်နှင့်ကစော်။ မပေါက်သေးသည့် စပျစ်ရည်တို့နှစ်မျိုးစလုံး၏မူရင်းဝေါဟာရဖြစ်သည်။ ယေရှုခရစ်သည် ရှိုးရာဓလေ့ဘူးဟောင်းကြီးကို စုတ်ကွဲသွားစေမည့် စပျစ်ရည်အသစ်နှင့် မိမိ၏ လုံးလုံးလျားလျားပြောင်းလဲ

ပစ်ရေးသွန်သင်ချက်များကို ခိုင်းနှိုင်းထားပါသည်၊ (မဿဲ ၉း၁၇) ရှင်ပေါလုကလည်း ယုံကြည်သူများအား ယစ်မူးသောက်ကြခြင်းနှင့်ကင်းကင်းနေကြဖို့ သတိပေးထားပါသည်။ (ဧဖက် ၅း၁၈) ၎င်းပြင် အသင်းတော်တာဝန်ကိုထမ်းဆောင်သူများသည် စပျစ်ရည်သောက်ကြူးသူမဖြစ်ရဟုလည်း တားမြစ်ခဲ့ပါသည်။ (၁ တိ ၃း၈) အသက်ကြီးပြီဖြစ်သော အမျိုးသမီးများသည် စပျစ်ရည်သောက်ကြူးသူများ မဖြစ်သင့်ကြောင်း တိတုအား အကြံပြုခဲ့ပါသည်။ (တိတု ၂း၃)

အစာအိမ်ရောဂါသက်သာစေရန်အတွက် 'စပျစ်ရည်အနည်းငယ်' ကို သောက်ရန် ရှင်ပေါလုက တိမောသေအား ထောက်ခံထားပါသည်။ (၁ တိ ၅း၂၃) သန့်ရှင်းသောရေကြောင့် ဝမ်းကိုက်ရောဂါကဲ့သို့သော ခန္ဓာကိုယ်ရောဂါများဖြစ်လေ့ရှိပါသည်။ ဤနေရာတွင် ရှင်ပေါလုသည် ကစော်မဖေါက်သည့်စပျစ်ရည်ကိုဆေးဖြစ်ဝါးဖြစ်အသုံးပြုရန် ထောက်ခံနေသည်ဟု အချို့ကျမ်းပြုဆရာများက ယုံကြည်ကြပါသည်။ စပျစ်ရည်ကို ဤအကြောင်းအရာအတွက် နှစ်ပေါင်းများစွာ အသုံးပြုခဲ့သည်ကိုလည်း သူတို့ဂရုထားနေကြသည်။ အခြားသုံးသပ်သူများကမူ ယစ်မျိုးသောက်ကြူးခြင်းကိုတားမြစ်ထားသည့် အခြားကျမ်းချက်များနှင့် ဆန့်ကျင်ကာ မူးယစ်စေမည့်စပျစ်ရည်ကို သောက်ရန် ရှင်ပေါလုမထောက်ခံပဲ၊ စပျစ်ရည်အချိုကိုသာသောက်ရန်ပြောဆိုခြင်းဖြစ်နိုင်ကြောင်းဖွင့်ဆိုကြပါသည်။ ဤတွင် ရှင်ပေါလု လုပ်ဆောင်နေသည့်အကြံပြုချက်၏ရည်ရွယ်ချက်မှာ အာရှ မိုင်းနားရှိ အသင်းတော်များ၏ကြီးလေးသောတာဝန်ကိုထမ်းဆောင်နေရသည့် တိမောသေအား ကျန်းမာရေးကောင်းသင့်သည်ဆိုသည့်အချက်ပင်ဖြစ်သည်။ စိတ်ဓါတ်ရေးရာနှင့်ကိုယ်ကျင့်တရားကောင်းမွန်ခြင်းသည် ခန္ဓာကိုယ်ကျန်းမာရေး နှင့် နီးကပ်စွာဆက်စပ်နေပါသည်။ တိမောသေသည် မကြာခဏဖျားနာတတ်သူ ဖြစ်သည်မှာ ထင်ရှားပါသည်။ ကျန်းမာရေးမကောင်းသည့် ခန္ဓာကိုယ်တစ်ခုသည် ကျန်းမာရေးပြုပြင်ပြောင်းလဲရေးအတွက် ဆွဲဆောင်မှုရှိသောကြော်ငြာချက်တစ်ခု မဖြစ်နိုင်ချေ။

ယစ်မျိုးသောက်ကြူးခြင်းကြောင့် ကိုယ်ခန္ဓာကိုထိခိုက်ခြင်းကျွန်ုပ်တို့၏ ကိုယ်ခန္ဓာသည် သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်ရာ ဘုရားသခင်၏ ဗိမာန်တော်ဖြစ်ပါသည်။ (၁ ကော ၃း၁၆၊ ၆း၁၉) ကိုယ်တော်တိုင် ထူးခြားစွာဖန်ဆင်းထားသည့် ဤကိုယ်ခန္ဓာအား ကျွန်ုပ်တို့မည်သို့ဆက်ဆံနေသည်ကို ထာဝရဘုရားပူပန်တော်မူ၏။ (၁ ကော ၃း၁၇) "စပျစ်ရည်သည်လှည့်စားတတ်၏ သေရေသေရက်သည် ရုန်းရင်းခတ်ပြုခြင်းအမှုကိုဖြစ်စေတတ်၏။ ထိုသို့သောအားဖြင့်မှားယွင်းသောသူ

သည် ပညာမရှိ" ထိုကြောင့် "ဖလား၌နီလျက် အရောင်တောက်လျက် အချိုအမြိန် ဝင်လျှက်ရှိသောစပျစ်ရည်ကို မကြည့်မရှုနှင့်" ဟုရှောလမုန်မင်းက သတိပေးထား ပါသည်။ (သုတ္တံ ၂၀း၁၊ ၂၃း၃၁)

## အချိန်တိုအတွင်းထိခိုက်သည့်နေရာများ

ပုံမှန်မဟုတ်သောအမြင်အာရုံ၊ အကြားအာရုံနှင့် အာရုံထိန်းချုပ်မှုများ ကြောင့် အသိအမြင်နှင့် ခံစားမှုများ ပြောင်းလဲသွားပါသည်။ ထို့ကြောင့် အကျိုး ဆက်အနေဖြင့် ဆုံးဖြတ်ချက်များညံ့ဖျင်းလာပါသည်။ အသက်ရှုကြပ်လာသည်။ အရက်နာကျခြင်းများကို လည်းဖြစ်တတ်ပါသည်။

အထက်ပါ ရောဂါများသည် အရက်သောက်ပြီး အချိန်တိုအတွင်းမှာ ဖြစ်ပေါ်တတ်သည့်ပြဿနာများဖြစ်သည်။ သို့ရာတွင် အသည်းရောဂါ၊ နှလုံးရောဂါ၊ ကင်ဆာရောဂါနှင့် ပန်ကရိယတွင် အနာဖြစ်ခြင်းစသည့်ပြဿနာများမှာမူ နှစ်နှင့်ချီ၍ အရက်သောက်ပြီးသောအခါတွင် ဖြစ်ပေါ်တတ်ပါသည်။ အမျိုးသမီးများမှာ အမျိုးသားများထက် အတိုင်းအဆနည်းသော အရက်ကိုသောက်စေကာမူ ရောဂါ ဖြစ်ရာတွင် အမျိုးသားထက် မြန်တတ်ကြသည်။

## အရက်ကြောင့်ရသည့်အသည်းရောဂါ။

အမေရိကန် ၂ သန်းကျော်သည် အရက်ကြောင့်ရသည့်ရောဂါများကိုခံစား နေကြရသည်။ အရက်ကို ကာလကြာမြင့်စွာ သောက်သုံးခဲ့ခြင်းကြောင့် အချို့မှာ အသည်းရောင်ရောဂါကိုခံစားနေကြရသည်။ ရောဂါလက္ခဏာအနေဖြင့်ဖျားနာခြင်း အသားဝါခြင်း၊ ဝမ်းဗိုက်နာကျင်ခြင်းများကို ခံစားရသူများသည်ဆက်၍အရက် သောက်ပါက အသည်းရောင်ရောဂါကြောင့်အသက်ပင်ဆုံးရှုံးနိုင်ပါသည်။ အသောက်ရပ်သောအချိန်တွင် အခြေအနေမှာ ပြောင်းလဲသွားနိုင်ပါသည်။ အရက် သမားများမှ ၁၀% ၂၀%သောက်လည်း CIRRNOSIS LIVER ခေါ် အသည်း ရွတ်ရောဂါကိုရရှိခံစားရတတ်ပါသည်။ ထိုရောဂါရလျှင် အရက်ကို လုံးဝဖြတ်ပစ် သင့်ပါသည်။ ဤရောဂါရထားသူလည်း အသည်းအစားထိုး ကုသမှု များ ကိုပင်ခံရ တတ်ပြီး၊ ဆက်လက်ပြီးသောက်နေလျှင် သေဆုံးသည်အထိဖြစ်နိုင်ပါသည်။ အသည်းရွတ်ရောဂါဖြစ်ပြီးသော ပုဂ္ဂိုလ်တစ်ဦး၏အသည်းသည် ပြန်၍ကောင်းမ လာနိုင်တော့ပါ။ အသောက်ရပ်လိုက်လျှင်ရောဂါသက်သာလာကာ အသက်ဆက် လက်ရှင်သန်စေနိုင်ပါသည်။ အသည်းရွတ်ရောဂါနှင့် အသည်း ကင်ဆာများကိုဖြစ်

စေနိုင် သည့် HCV ခေါ် ဟိုက်ပါတိုက်တစ်စီဗိုင်းရပ်ကိုအမေရိကန်လူမျိုး ၄ သန်း လောက်ကရရှိထားကြပါသည်။ ထို့ကြောင့်၄င်းတို့သည် အရက်ကြောင့် အသက် တာ ပျက်ယွင်းနေရသည့်ပြင် HCV ကြောင့်လည်း ဆက်နွယ်သောရောဂါများကို ခံစားနေကြရပါသည်။ HCV ရောဂါစွဲကပ်နေသူများသည် အရက်နှင့် ဆက်နွယ် နေသည့် ရောဂါများ၏ဒဏ်ကို ခံနိုင်ရည်မရှိနိုင်တော့ပါ။ ထို့ကြောင့် အရက်ကို သောက်သုံး သင့်မသင့် စဉ်းစားသောအချိန်တိုင်းတွင် ထိုပြဿနာများကို ဂရုတစိုက် သုံးသပ်သင့်ကြပါသည်။

## နှလုံးရောဂါ -

သွေးဆုံးနေသည်ဖြစ်သည့်အမျိုးသမီးများနှင့် အသက် ၄၅နှစ်ကျော်သော အမျိုးသားများကဲ့သို့သော အထူးသဖြင့်နှလုံးရောဂါဖြစ်တတ်သည့် အသက်အရွယ် သို့ ရောက်ရှိနေသူများအတွက် အရက်ကို သင့်တင့်လျောက်ပတ်စွာ သောက်သုံး ခြင်းသည် နှလုံးကိုကောင်းကျိုးပြုနိုင်ပါသည်။ သို့ရာတွင် နှစ်ရှည်လများ အလွန် အကြူး သောက်သုံးခြင်းသည် နှလုံးရောဂါ၊ သွေးတိုးရောဂါနှင့် သွက်ချာပါဒရောဂါ များကို ဖြစ်ပေါ် စေနိုင်ပါသည်။

## ကင်ဆာရောဂါ -

အရက်ကို ကာလကြာမြင့်စွာစွဲ၍ သောက်ခြင်းကြောင့် အစာပြွန်ကင်ဆာ၊ ပါးစပ်ကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အသံအိုးကင်ဆာ၊ များဖြစ်တတ်သည်။ အချို့အမျိုးသမီးများမှာ တစ်နေ့လျှင်အရက်အနည်းငယ်သောက်ရုံဖြင့် ရင်သား ကင်ဆာ၊ အူမကြီးကင်ဆာနှင့် စအိုကင်ဆာများကို ဖြစ်စေနိုင်ကြောင်း အချို့ သုတေသီများက ဖွင့်ဆိုကြပါသည်။

## ပန်ကရိရောဂါ -

ပန်ကရိသည် အင်ဆိုလင်းကို လျှော့ချကာ သွေးထဲရှိသကြားဓါတ်ကို မျှတ စေအောင်ကူညီပါသည်။ ကျွန်ုပ်တို့စားသမျှအစာများကို ချေဖျက်ရာတွင်လည်း ပါဝင်လုပ်ဆောင်ပါသည်။ အရက်ကိုအချိန်ကြာမြင့်စွာသောက်သုံးခြင်းဖြင့် ပန်ကရိ ကို ရောင်ရမ်းစေသဖြင့် ဝမ်းဗိုက်နာရောဂါကိုဖြစ်စေပါသည်။ အသက်သေဆုံးသည် အထိပြင်းထန်တတ်ပါသည်။ ပန်ကရိနာတာရှည် ရောဂါကြောင့် နာတာရှည် နာကျင်ခြင်း၊ ဝမ်းလျှောရောဂါနှင့် ကိုယ်အလေးချိန်ကျ သည့်ရောဂါများကိုဖြစ်စေ ပါသည်။

“ငါမူကား သိုးတို့သည် အသက်လွတ်ရုံမျှမက အထူးသဖြင့်အသက်နှင့်ပြည့်စုံစေခြင်းငှါ လာသတည်း” ဟုထာဝရဘုရားမိန့်တော်မူထားပါသည်။ (ယောဟန် ၁၀း၁၀)။ သို့ရာတွင် အရက်သောက်ခြင်းသည် သောက်သုံးသူကိုသာမက အခြားသူများ၏အသက်အိုးအိမ်ကိုပါ ထိခိုက်စေတတ်ပါသည်။ (ဟေရှာ ၁း၁၈ တွင် “လာကြ တရားစီရင်ကြကုန်အံ့” ဟုထာဝရဘုရားကဆင့်ခေါ်နေပြီးသော်လည်း အရက်ကိုသောက်သုံးခြင်းကြောင့် ကျွန်ုပ်တို့၏ဆင်ခြင်တုံတရားများသည် ထုံထိုင်းကုန်တတ်ရန် အရက်ကိုသောက်ဖို့နေနေသာသာ အရက်အကြောင်းကို စဉ်းစားဖို့ပင် မသင့်ပါချေ။

အရက်ကိုအလွန်အကြူးသောက်သုံးနေသူတစ်ဦးသည် ကိုယ်စိတ်ဝိညာဉ်ဆိုင်ရာ ပြင်းထန်သောရောဂါဝေဒနာများကို ခံစားကြရလိမ့်မည်။ သို့ရာတွင် ထိုရောဂါများသည် ကုသပျောက်ကင်းနိုင်သောရောဂါများဖြစ်သဖြင့် ကျွမ်းကျင်သောဆရာဝန်များ၏ အကူအညီကို ရယူရန်မှာ အရေးကြီးလှပါသည်။

အရက်သေစာသောက်စားခြင်းအကြောင်းနှင့် ပတ်သက်၍ မည်သည့်အတိတ်ဖြစ်ရပ်များနှင့် ဝိညာဉ်ရေးဆိုင်ရာ အချက်အလက်များကို သမ္မာကျမ်းစာတွင် ဖေါ်ပြထားပါသည်။

သမ္မာကျမ်းစာအချိန်က စပျစ်ရည်များသည် မလွဲဧကန် ကစော်ပေါက်သောအရည်များဖြစ်သည်ဟု အများစုကယူဆကြသဖြင့် သမ္မာကျမ်းစာတွင် ဖေါ်ပြသမျှ စပျစ်ရည်ဟူသောဝေါဟာရသည် ယခုခေတ်ဝိုင်အရက်များနှင့် အတူတူဖြစ်သည်ဟု ယူဆနိုင်သော်လည်း စပျစ်ရည်များကို ကစေါ်မပေါက်အောင်ကာကွယ်သည့်နည်းများကို ရှေးခေတ်ယဉ်ကျေးမှုတွင် တွေ့နေရပါသည်။ ထိုကာကွယ်နည်းများကြောင့် နှစ်ပေါက်ထားသော စပျစ်ရည်များသည် မူးယစ်စေသည့်သဘာဝမရှိကြသည်ကို တွေ့ရပါသည်။

* စပျစ်သီးကိုရေတွင်ထည့်ကာ ရေနှင့်ရော၍ သောက်နိုင်သည့်အဆင့်ရောက်အောင် အရည်ပျစ်သည်အထိပြုတ်ခြင်း။
* စပျစ်သီးကို ရေတွင်ထည့်ကာ တခါဆူလောက်သာပြုတ်ပြီး ပျားဖယောင်းနှင့်ရောကာ ပုလင်းထဲ၌ အလုံပိတ်ထားခြင်း။
* စပျစ်သီးများကိုနေရောင်ခြည်တွင် အခြောက်လှန်းပြီးသိုထားကာ အလိုရှိသည့်အချိန်ရောက်မှ မူလအသွင်သို့ရောက်အောင် ရေဖြင့်ရော၍ စပျစ်ရည်လုပ်ခြင်း။
* အသားဓါတ်ကို တစိမ့်စိမ့်ထွက်သွားအောင် စပျစ်သီးများကိုစစ်ပစ်ခြင်း။

* စပျစ်သီးများကို ကန့်နှင့်ရော၍ သိုခြင်းအားဖြင့် ကစော်ပေါက်ခြင်းမှ ကာကွယ်ခြင်း။

မူးယစ်စေသည့်ဓါတ်ကိုဖယ်ရှားပစ်ရန် ကစော်ပေါက်နေသောအရည်ကို မီးနှင့်ပြုတ်ခြင်းအမှုကိုပြုတတ်သည့် ထိုရှေးခေတ်လူသားများသည် စပျစ်ရည်များကို ကစော်မပေါက်အောင် ထိန်းသိမ်းခြင်းနှင့်ဆိုင်သော အထက်ပါနည်းစနစ်များကိုလည်းသိထားကြပါသည်။ အထက်ဖေါ်ပြပါထဲမှ ပထမနည်းစနစ်နှင့် စပ်လျဉ်း၍ အရစ္စတိုတယ် (၃၈၄ ဘီစီ) ကဖွင့်ဆိုထားသည်မှာ "အာခေဒီးယား၏စပျစ်ရည်များသည် ထည့်ထားသည့်ပုလင်းဘူးထဲမှ ခြစ်ယူရသည်အထိပျစ်ခဲနေပြီး ထိုအခဲများကိုရေထဲမှာ ထည့်ပြီး အရေဖျော်ရပါသည်" ဟူ၍ ဖြစ်၏ Nott's Lectures on Biblical Temperence, p. 80.

ကဗျာဆရာ Horace (၆၅ ဘီစီ) ကဖွင့်ဆိုထားသည်မှာ "လက်စဘိုကထွက်သည့်စပျစ်ရည်ထက်ချိုသောစပျစ်ရည်မရှိတော့ပြီ၊ ထိုအရည်များသည် ပန်းဝတ်များနှင့်တူပါသည်။ ၎င်းဖြင့် မူးယစ်ခြင်းကိုလည်း မဖြစ်စေပါ" ဟူ၍ဖြစ်၏။

"ဂျူးလူမျိုးတို့သည် စပျစ်ရည်ပြုတ်ကိုသောက်သည့်အလေ့အကျင့်ရှိကြသည်ဟု မစ်ရှုနာတွင်ဖေါ်ပြထားပါသည်။ (Kitto's Cyclopedia of Biblical Literature, Vol. 2, p. 447). ဤစပျစ်ရည်များသည် ကြိုထားပြီးဖြစ်သဖြင့် မူးယစ်စေသည့်သတ္တိမရှိတော့ချေ။

"အယ်လဘတ်ဘန်းစ် , D.D, (ပရက်ဘေတေးရီးယန်းအသင်းတော်) ကယောဟန် ၂း၁၀ အပေါ်အနက်ဖွင့်ဆိုရာတွင် "ယုဒများသောက်သည့်စပျစ်ရည်သည် သန့်ရှင်းသောစပျစ်ရည်များသာဖြစ်သည်။ မူးယစ်စေသည့်အရာများကင်းရှင်းပါသည်။ လူတိုင်းလိုလိုသောက်နေကြပြီ၊ မူးယစ်ထုံထိုင်းခြင်းကို မခံစားကြရပါ။" မက်သဒစ်အသင်းတော်မှ အာဒံကလပ်က ကမ္ဘာဦး ၄၀း၁၁ အပေါ်အနက်ဖွင့်ဆိုထားသည်မှာ "ရှေးခေတ်အချိန်က စပျစ်ရည်များသည် ကစော်မဖေါက်သေးသည့် စပျစ်ရည်သန့်သန့်များဖြစ်ကြသည်။ ဖလားတော်ဆက်များသည် စပျစ်သီးအတွဲများကိုယူလာကာ ခွက်ထဲတွင် ချေပြီးနောက် သခင့်လက်ထဲသို့ ဆက်သကြသည်။ ဤနေရာသည် ဟေပြဲများ၏'ရရင်း' ဖြစ်ပြီး ဂရိများ၏ 'အိုအီနိုးစ်'များဖြစ်ကာ ရှေးခေတ်လက်တင်များ၏ 'မတ်စတန်' လည်းဖြစ်ပါသည် ဟူ၍ဖြစ်၏။ အာဒံကလပ်၏ဖွင့်ဆိုချက်များသည် 'စပျစ်သီးပွတ်၌ စပျစ်ရည်ကိုတွေ့သောအခါ မဖျက်နှင့်မင်္ဂလာရှိသည်' ဟူသော ဟေရှာ ၆၅း၈ တွင်ဖေါ်ပြသည့်ကျမ်းစကားနှင့်လည်း ကိုက်ညီပါသည်။

## လက်ဖွဲ့ဆောင်သူများအကြောင်းကို မည်သို့ထာဝရဘုရား မိန့်ဆိုထားသနည်း။

လက်ဖွဲ့ဆောင်သူများအကြောင်းကိုမည်သို့ထာဝရဘုရားမိန့်တော်မူထားသနည်း။ "သူတို့သည် အရှေ့ပြည်အတတ်နှင့်ကြွယ်ဝ၍ ဖိလိတ္တိလူတို့ကဲ့သို့အနာဂတ္တိဆရာဖြစ်ကြ၏။ တပါးအမျိုးသားနှင့်အပေါင်းအဖေါ်ပြုကြ၏" "ထိုကာလ၌ ဘုရားရှင်သည် သူတို့ခြေချင်း၊ ဈာဦးထုပ်လဆန်းရုပ်လည်ဆွဲ၊ နာသန်သီး၊ လက်ကောက်၊ မျက်နှာဖုံး၊ ပေါင်းသရဖူ၊ ရွှေခြေကြိုး၊ ခါးပန်း၊ နှာခေါင်ဘူး၊ လက်ဖွဲ့၊ လက်စွပ်၊ နှာဆွဲ၊ ရွှေစျာအင်္ကျီ၊ တပက်၊ ခေါင်းခြုံ၊ လွယ်အိပ်၊ လွယ်မှန်၊ အတွင်းအင်္ကျီ၊ ဦးရစ်၊ တင်းတိမ် တို့ကို ပယ်ရှင်းတော်မူမည်" ဟုသမ္မာကျမ်းစာကဖွင့်ဆိုထားပါသည်။ (ဟေရှာ ၂း၆၊ ၃း၁၈-၂၀)

တူးဖေါ်တွေ့ရှိချက်များအရ သမ္မာကျမ်းစာပါနယ်မြေများတွင် နေထိုင်ကြသည့် အထူးသဖြင့် သာသနာပလူတို့သည်လက်ဖွဲ့ဆောင်ခြင်း အမှုကိုပြုကြကြောင်း ကျွန်ုပ်တို့သိရပါသည်။ မကောင်းဆိုးဝါးများ၏ ရန်မှကာကွယ်ရုံသာမက ကောင်းသောအမှုများတွင် အောင်မြင်မှုရှိစေရန် လက်ဖွဲ့ဆောင်ကြခြင်းဖြစ်ပါသည်။ အခြားသောအဆောင်များနှင့်အတူ လက်ဖွဲ့များသည်လည်း ယနေ့ထက်တိုင်ခေတ်စားလျက်ရှိပါသည်။ အဆောင်လက်ဖွဲ့များကို အလှဆင်ပစ္စည်းများ၊ ကပ်တိုင်ရုပ်များ၊ ထူးခြားသောအနက်ရှိသည့်လက်ဝတ်ရတနာများအသွင်ဖြင့် လက်ဆွဲ၊ လက်ကောက်၊ များပုံစံမျိုးဖြင့်ဝတ်ဆင်တတ်ကြပါသည်။ ထိုအရာများ၌ မကောင်းဆိုးဝါးများကာကွယ်နိုင်သည့်တန်ခိုးကောင်းကျိုးချမ်းသာပေးနိုင်သည့်တန်ခိုးများရှိသည်ဟုယုံကြည်ကြပါသည်။ အဆောင်လက်ဖွဲ့များ၌ ကျန်းမာခြင်းခွန်အားကိုပေးနိုင်သည့်အစွမ်းနှင့် ကောင်းသောပတ်ဝန်းကျင်အခြေအနေကို ဖန်တီးပေးနိုင်သည့် အစွမ်းရှိသည်ဟု မကြာခဏယုံကြည်လက်ခံကြသဖြင့် လက်ဖွဲ့ဆောင်လျှင်ငြိမ်သက်သာယာမှုကို ဖြစ်စေသည်ဟု အစွဲအလန်းရှိကြသည်။

ရုပ်တုကိုးကွယ်ခြင်းနှင့် ဘာသာအယူဝါဒဖေါက်ပြန်သောအချိန်ကာလအတွင်း၌ ဣသရေလများသည် သာသနာပများလုပ်သလို အယူသည်းမှုများကို လိုက်လံကျင့်ဆောင်ကြသည်။ ထိုအထဲတွင် အဆောင်လက်ဖွဲ့များလည်း ပါဝင်ခဲ့ပါသည်။ ထာဝရဘုရားသည် လက်ဖွဲ့ဆောင်သည့်ပုရောဖက်အတုများကို ပြင်းပြင်းထန်ထန်သတိပေးတော်မူခဲ့ပါသည်။ "အသက်ဝိညာဉ်တို့ကိုဘမ်းခြင်းငှါ ခပ်သိမ်းသောသူတို့၏ နံပါး၌ခေါင်းအုံးကိုထည့်၍ လူအကြီးအငယ်တို့ခေါင်းပေါ်မှာ ဦးထုပ်တို့ကို

ဝတ်တင်ထားသောမိန်းမတို့သည် အမင်္ဂလာရှိကြ၏ ငါ့လူတို့၏ အသက်ဝိညာဉ်ကို ဖမ်း၍ ကိုယ်အသက်ဝိညာဉ်ကိုသေခြင်းမှ ကယ်ချွတ်ကြလိမ့် မည်လော. . . ထို့ကြောင့် အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား သင်တို့သည်အသက် ဝိညာဉ် တို့ကိုရအောင်ဖမ်းလျှက်သုံးတတ်သောခေါင်းအုံးတို့ကို ငါသည်ရန်ဘက်ပြု၍ သင်တို့နံပါးမှဆွဲ နှုတ်ပြီးလျှင် သင်တို့ရအောင် ဖမ်းသောအသက်ဝိညာဉ်တို့ကို ငါလွှတ်လိုက်စဉ် သင်တို့ဦးထုပ်တို့ကိုလည်း ငါဆုတ်၍ ငါ၏လူတို့ကိုသင်တို့လက်မှ ကယ်နှုတ် မည်။ နောင်တဖန်သူတို့သည် အဖမ်းခံ၍ သင်တို့လက်သို့ မရောက်ရကြ" ယေဇကျေ ၁၃း၁၈ - ၂၁း၁၁

သာသနာပလူများသည် လက်ဖွဲ့များကိုဆောင်ရုံသာမက အိမ်တွင်လည်း ဆင်းတုများကိုထားတတ်ကြသည် ခရီးသွားသောအခါများတွင် ဆင်းတုအငယ်ကလေးများ ကိုယ်နှင့်တပါတည်းယူဆောင်သွားတတ်ကြပါသည်။ ဤအမှုအကျင့်များသည် ဣသရေလများထဲသို့စိမ့်ဝင်လာသဖြင့် ၎င်းတို့ကို ထာဝရဘုရားဆန့်ကျင်တော်မူခဲ့ပါသည်။

'ထိုမှတပါး ဗိမာန်တော်၌ ယဇ်ပုရောဟိတ်အိလခိတွေ့သော ကျမ်းစာ၌ပါသော စကားအတိုင်းကျင့်လိုသောငှါ ယောရှိမင်းသည် စုန်း၊ နတ်ဝင်တေရပ်ရုပ်တုမှစ၍ ရုပ်တုဆင်းများကိုလည်းကောင်း ယေရုရှလင်မြို့နှင့် ယုဒပြည်လုံးတွင် ရှုံရှာဖွယ်သောအရာ တွေ့သမျှတို့ကိုလည်းကောင်း၊ သုတ်သင်ပယ်ရှင်းတော်မူ၏' (၄ ရာ ၂၃း၂၄)

ရုပ်တုဆင်းတုများနှင့် လက်ဖွဲ့အဆောင်များကို သမ္မာကျမ်းစာတွင် မည်သို့ပင်ဖော်ပြထားစေကာမူ ထာဝရဘုရားသည် ထိုအရာများကို ပြင်တင်ရှုတ်ချတော်မူပါသည်။ 'မုသအနတ္တကို ဆည်းကပ်သောသူတို့ကို အကျွန်ုပ်သည် မုန်း၍ ထာဝရဘုရားကိုခိုလှုံပါ၏' ဆာလံ ၃၁း၆၊ ကြီးမြတ်သောအကာအကွယ်များကို ကျွန်ုပ်တို့ လိုအပ်လာပါလျှင် ထာဝရဘုရား၌သာ ကျွန်ုပ်တို့ခိုလှုံကိုးစားကြရမည်။ "ထာဝရဘုရားသည် ငါခိုလှုံရာ ငါ၏ရဲတိုက် ငါကိုးစားသောဘုရားသခင်ဖြစ်တော်မူသည်ဟုငါပြောဆို၏၊ အကယ်စင်စစ်မုဆိုး၏ကျော့ကွင်းနှင့်လည်းကောင်း၊ သေတတ်သောအနာနှင့်လည်းကောင်၊ သင့်ကိုကင်းလွှတ်စေတော်မူ၏၊ အတောင်တော်အမွေးနှင့်ဖုံးအုပ်တော်မူ၍ အတောင်တော်အောက်၌ သင်သည် လုံခြုံစွာနေရလိမ့်မည်၊ သစ္စာတော်သည်သင်၏ဒိုင်းလွှားဖြစ်လိမ့်မည်၊ ညဥ့်အခါဖြစ်တတ်သောဘေးကိုလည်းကောင်း၊ နေ့အချိန်၌ ပစ်သောမြှားကိုလည်းကောင်း၊ မှောင်မိုက်ထဲမှာလည်တတ်သောကာလနာကိုလည်းကောင်း၊ မွန်းတည့်အချိန်၌ ဖျက်ဆီးတတ်

သောဥပဒ်ကိုလည်းကောင်း သင်သည်မကြောက်ရ” ဆာလံ ၉၁း၂-၆။

နတ်ဆိုးတို့၏အန္တရာယ်မှ ကင်းဝေးလိုလျှင် လက်ဖွဲ့အဆောင်များထက် များစွာသာလွန်ကောင်းမွန်သောအရာအချို့ကို ဧဖက် ၆း၁၁၊၁၄-၁၇ တွင် ဖေါ်ပြထားပါသေးသည်။ “မာရ်နတ်၏ပရိယာယ်တို့ကို ဆီးတားနိုင်မည်အကြောင်းဘုရားသခင်ပြင်ဆင်တော်မူသော လက်နက်စုံကိုဝတ်ဆောင်ကြလော့၊ သစ္စာတည်းဟူသောခါးပန်းကိုစည်းလျက် ဖြောင့်မတ်ခြင်းပါရမီတည်းဟူသောရင်အုပ်တန်ဆာကိုဝတ်ဆင်လျှက် ငြိမ်သက်ခြင်းနှင့်ယှဉ်သော ဧဝံဂေလိတရားကို ဟောပြောအံ့သောငှါပြင်ဆင်သောအဖြစ်တည်းဟူသော ခြေစွပ်ကိုစွပ်လျက် ခံရပ်ကြလော့၊ မာရ်နတ်ပစ်ခတ်သော မီးခဲလက်နက်ကိုကားသတ်နိုင်သော ယုံကြည်ခြင်းတည်းဟူသောလွှားကိုလည်း ခပ်သိမ်းသောလက်နက်တို့အပေါ်မှာ ထပ်ဆင့်၍ ယူဆောင်ကြလော့၊ ကယ်တင်ခြင်းတည်းဟူသော သံခမောက်လုံးကိုလည်းကောင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်တည်းဟူသော ဝိညာဉ်တော်၏ဓါးကိုလည်းကောင်း ယူကြလော့။

## တိရစ္ဆာန်များကောင်းကင်နိုင်ငံတော်သို့ ဝင်စားကြရမည်လား?

ထာဝရဘုရားသည် တိရစ္ဆာန်များကို ဖန်ဆင်းတော်မူခဲ့ပါသည်။ ကမ္ဘာဦးကျမ်း ၁း၂၀-၂၅ အတွင်း ရေသတ္တဝါ၊ လေသတ္တဝါ နှင့် ကုန်းသတ္တဝါများကို ဖန်ဆင်းတော်မူခဲ့ကြောင်းဖေါ်ပြထားပါသည်။ ထာဝရဘုရားသည် တိရစ္ဆာန်များအားအသက်ချမ်းသာစေခြင်းငှါ ရေလွှမ်းသည့်ကာလ တစ်လျှောက်လုံး သင်္ဘောထဲ၌ သိမ်းဆည်းထားတော်မူခဲ့ပါသည်။ (ကမ္ဘာ ၆း၂၀)

ယောန ၄း၁၀ အရ ထာဝရဘုရားသည် တိရစ္ဆာန်များကိုလည်းဂရုထားတော်မူကြောင်းထင်ရှားပါသည်။ “ငါသည် များစွာသောတိရစ္ဆာန်တို့ကိုမဆို ကိုယ်လက်ျာလက်နှင့် လက်ဝဲလက်ကိုမျှ ပိုင်းခြား၍ မသိသောသူတစ်သိန်းနှစ်သောင်းမက လူများသောနိနဝေမြို့ကြီးကို ငါနှမြောသင့်သည်မဟုတ်လောဟုထာဝရဘုရားမိန့်တော်မူခဲ့သည်။

‘သင်၏သိုးစုအကြောင်းတို့ကို သိခြင်းငှါ ကြိုးစားလော့၊ နွားစုတို့ကိုလည်းစေ့စေ့ကြည့်ရှုလော့’ ဟုတိရစ္ဆာန်များကို စောင့်ရှောက်ရန်လူတို့အားလည်း ဘုရားသခင်မိန့်တော်မူထားပါသည်။ သုတ္တံ ၂၇း၂၃။

ထာဝရဘုရားသည် တိရစ္ဆာန်များကိုထိခိုက်နစ်နာစေလိုတော်မမူပါ။

"တောခွေးနှင့် သိုးသူငယ်တို့သည် အတူကျက်စားကြလိမ့်မည်။ ခြင်္သေ့သည် နွားကဲ့သို့မြက်ကိုစားလိမ့်မည်၊ မြွေမူကား မြေမှုန့်ကိုသာစားရလိမ့်မည်။ ငါ၏သန့်ရှင်းသော တောင်တပြင်လုံး၌ အချင်းချင်းညှင်းဆဲခြင်း၊ ဖျက်ဆီးခြင်းကို မပြုရကြဟု ထာဝရဘုရားမိန့်တော်မူ၏။" ဟေရှာ ၆၅း၂၅

သို့စေကာမူ ဘုရားသခင်၏ ပုံသဏ္ဌာန်တော်နှင့်အညီဖန်ဆင်းခြင်းခံရသော တိရစ္ဆာန်များ လူတစ်ဦးတည်းသာဖြစ်ပါသည်။ (ကမ္ဘာ ၁း၂၆) လူသည် လွတ်လပ်စွာရွေးချယ်နိုင်သည့်တန်ခိုးနှင့်အတူ ဖန်ဆင်းခြင်းခံခဲ့ရပါသည်။ (ယောရှု ၂၄း၁၅)။ ထို့ကြောင့်ကျမ်းစာအထောက်အထားများအရ လူသည်သာလျှင် ကယ်တင်ခြင်းကို လက်ခံမည်သို့မဟုတ် ငြင်းဆိုမည်ဟုဆုံးဖြတ်နိုင်သည်၊ တစ်မျိုးတည်းသောဖန်ဆင်းခြင်းခံရသည့် သတ္တဝါဖြစ်သည်။

## အန္တိခရစ်ဆိုတာဘာလဲ ဘယ်သူလဲ?

အန္တိခရစ်ဆိုတာဘာလဲ၊ ဘယ်သူလဲ၊ ၁ယော ၂း၁၈ မှာ ဤသို့ဖွင့်ဆိုထားပါသည်။ "ချစ်သားတို့ ယခုကာလသည် နောက်ဆုံးသောကာလဖြစ်၏။ ခရစ်တော်၏ရန်သူတည်းဟူသော အန္တိခရစ်ပေါ်လာကြောင်းကို သင်တို့ကြားရသည့်အတိုင်း ယခုပင်အန္တိခရစ်အများရှိကြ၏။ ထို့ကြောင့်ယခုကာလသည် နောက်ဆုံးသောကာလဖြစ်သည်ကိုသိရ၏။" ဤစကားများသည် ရှေးဦးအသင်းတော်သို့ ဘုရားသခင်မိန့်မြွက်နေသောစကားများဖြစ်ပါသည်။ ရှေးဦးအသင်းတော်မှ ညီအစ်ကိုမောင်နှမများကြားပြီးသားဖြစ်သည်။ အန္တိခရစ်လာမည်ဆိုသောသတင်းစကားကို ၎င်းတို့အား ထာဝရဘုရားထပ်၍ သတိပေးနေခြင်းဖြစ်ပါသည်။

မူရင်းဂရိဘာသာစကားအရ အန္တိခရစ်ဟူသောဝေါဟာရ၌ အဓိပ္ပါယ်နှစ်မျိုးရှိပါသည်။ ခရစ်တော်၏အမှုတော်ကိုဆန့်ကျင်နေသူများဟု တဖက်တွင် အဓိပ္ပါယ်ရှိသည်။ ခရစ်တော်၏နေရာတွင် အစားထိုးနေရာယူလုပ်ဆောင်နေသူဟုလည်း တစ်ဖက်တွင်အဓိပ္ပါယ်ရပါသည်။ အထက်ပါကျမ်းချက်အရ အန္တိခရစ်ကြီးတစ်ဦးပေါ်လာမည့်အပြင် နောက်ဆက်တွဲအနေဖြင့် အခြားအန္တိခရစ်များလည်း ရှေးဦးအသင်းတော်တွင် ပေါ်လာမည်ဖြစ်ကြောင်းသိရပါသည်။ ၁ယော ၂း၁၉၊ ၂၆ အရ "ထိုသူတို့သည် (အန္တိခရစ်များ) ငါတို့ထံမှ ထွက်သွားကြ၏ သို့သော်လည်း အထက်က ငါတို့နှင့်မစပ်ဆိုင်ကြ ငါတို့နှင့်စပ်ဆိုင်လျှင် ငါတို့နှင့်အတူနေကြလိမ့်မည်။ ထိုသူအပေါင်းတို့သည် ငါတို့နှင့် မစပ်ဆိုင်ကြောင်းကို ထင်ရှားစေခြင်းငှါ ငါတို့ထံမှ ထွက်သွားကြ၏။" သင်တို့ကိုလှည့်ဖြားသောသူတို့၏အကြောင်း

ကို ဤသို့သင်တို့အားငါရေး၍ပေးလိုက်၏။” ဟုဖော်ပြထားပါသည်။ ထို့ကြောင့် အန္တိခရစ်များသည် ယုံကြည်သူအစစ်အမှန်များ၏အဖွဲ့မှ ခွဲထွက်သွားသည့် ခရစ်ယာန်အတုအယောင်များဖြစ်ကြောင်း ဤကျမ်းစကားအရသိရပါသည်။ ထိုသူများသည် မှန်ကန်သောဧဝံဂေလိတရားတော်၏ပြောင်းလဲခြင်းတန်ခိုးကိုအမှန်တကယ် မခံစားရသေးသည့်လူလိမ်များဖြစ်ကြသည်။ ခရစ်တော်ကို မေရှိယအဖြစ် မယုံကြည် မလက်ခံသည့်လူညာများဖြစ်ကြောင်းကို ၁ယော ၂း၂၂တွင် ဤသို့ဖွင့်ဆိုထားပါသည်။ “မုသာကိုသုံးသောသူကား အဘယ်သူနည်း၊ ယေရှုသည် ခရစ်တော်မဟုတ်ဟုငြင်းပယ်သောသူဖြစ်သတည်း။ ခမည်းတော်နှင့်သားတော်ကိုငြင်းပယ်သောသူသည် အန္တိခရစ်ဖြစ်၏” ဟုထာဝရဘုရားမိန့်တော်မူထားပါသည်။ ထို့ကြောင့် “ချစ်သူတို့ ခပ်သိမ်းသောစိတ်ဝိညာဉ်တို့ကိုမယုံကြည်ကြနှင့်၊ စိတ်ဝိညာဉ်တို့သည် ဘုရားသခင်နှင့် စပ်ဆိုင်သည်၊ မစပ်ဆိုင်သည်ကို စုံးစမ်းကြလော့၊ အကြောင်းမူကား မိစ္ဆာပုရောဖက်အများတို့သည် ဤလောကသို့သွားကြပြီ”ဟု ၁ယော ၄း၁ တွင် ထာဝရဘုရားက ကျွန်ုပ်တို့အားဆုံးမဩဝါဒပေးထားပါသည်။

လှည့်စားတတ်သောထိုအန္တိခရစ်များသည် ဧဝံဂေလိတရားတစ်ခုကို ဟောနေကြပါသည်။ သို့ရာတွင်ထိုတရားသည် တရားအစစ်မဟုတ်ပါချေ။ ခြားနားသောဧဝံဂေလိတရားတစ်ခုသာဖြစ်ပါသည်။ “သင်တို့ရှိရာသို့ရောက်လာသောသူသည် ငါတို့မဟောမပြောသေးသော ယေရှုတစ်ပါးကို ဟောပြောသော်လည်းကောင်း၊ သင်တို့မခံရသေးသော ဝိညာဉ်တော်တပါးကို ခံရသော်လည်းကောင်း၊ နားမထောင်သေးသောဧဝံဂေလိတရားစကားကို နားထောင်သော်လည်းကောင်း၊ ထိုသူကိုသည်းခံကောင်း၏။ ထိုသူတို့သည် မိစ္ဆာတမန်တော်ဖြစ်ကြ၏၊ ခရစ်တော်၏တမန်ဖြစ်ယောင်ဆောင်၍ လှည့်ဖြားတတ်သော အမှုဆောင်ဖြစ်ကြ၏။ ဤအမှုသည် အံ့ဩဖွယ်ဖြစ်မည်မဟုတ်၊ စာတန်ပင်လျှင် လင်းသောကောင်းကင်တမန်ဖြစ်ယောင်ဆောင်တတ်၏။ သို့ဖြစ်၍ သူ၏ဆရာတို့သည်လည်း ဖြောင့်မတ်ခြင်းတရားကိုဟောသောဆရာဖြစ်ယောင်ဆောင်လျှင် အဘယ်ဆိုဖွယ်ရှိသနည်း။ သူတို့သည် ကိုယ်ကျင့်သောအကျင့်အတိုင်းနောက်ဆုံး၌အကျိုးအပြစ်ကို ခံရကြလတံ့ဟု ၂ကော ၁၁း၄၊ ၁၃-၁၅ တွင် သမ္မာကျမ်းစာက ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် အန္တိခရစ်ဆိုသည်မှာ ခရစ်တော်ကိုဆန့်ကျင်နေသော သာသနာပလူများဖြစ်သည်ဟူသောရေပန်းစားနေသည့်အမြင်ထက် အန္တိခရစ်ဆိုသည်မှာ ခရစ်ယာန်အစစ်များ၏ မျက်နှာဖုံးကိုတပ်ကာ မှားယွင်းစွာသွန်သင်နေကြသည့် ပုရောဖက်အတု၊ တမန်တော်အတုများဖြစ်သည်ဆိုသည့်အချက်ကို သမ္မာကျမ်းစာ

ကဖွင့်ပြောနေပါသည်။ အန္တီခရစ်များသည် မိမိတို့ကိုယ်ကိုခရစ်တော်၏နောက်လိုက်များဖြစ်သည်ဟု ရိုးရိုးသားသားဖြင့် ယူဆကောင်းယူဆနေကြမည်ဖြစ်သော်လည်း အမှန်အားဖြင့်ဆိုလျှင် ၎င်းတို့သည် စာတန်ကတန်ခိုးပေးထားသည့် ပုဂ္ဂိုလ်များဖြစ်ကြသည်။ ၎င်းပြင်သူတို့သည် ခရစ်တော်၏အမှုတော်ကိုလည်း ဆန့်ကျင်လုပ်ဆောင်နေကြပါသည်။

ဤပုရောဖက်အတုများ၏ လှည့်ဖြားသည့်လုပ်ဆောင်မှုများအကြောင်းကို အသင်းတော်အား ခရစ်တော်သတိပေးထားသည်မှာ "အတွင်း၌ကြမ်းတမ်းသောတောခွေးဖြစ်လျက် သိုးရေကိုခြုံ၍ သင်တို့ရှိရာသို့လာသောမိစ္ဆာပုရောဖက်တို့ကိုသတိနှင့်ရှောင်ကြလော့" ဟူ၍ ဖြစ်၏ (မဿဲ ၇း၁၅) ခရစ်တော်ကြွလာသောအချိန်တွင် ထိုပုရောဖက်အတုအယောင်များရင်ဆိုင်ရမည့်ဝမ်းနည်းစရာ ကံကြမ္မာအကြောင်းကိုလည်း ခရစ်တော်ဤသို့ဖွင့်ဆိုထားတော်မူခဲ့ပါသည်။ "သခင်၊ သခင်ဟုငါ့ကိုလျှောက်သောသူတိုင်း ကောင်းကင်နိုင်ငံတော်သို့ဝင်ရလိမ့်မည်မဟုတ်၊ ကောင်းကင်ဘုံ၌ရှိတော်မူသောငါ့ခမည်းတော်၏အလိုကိုဆောင်သောသူသာလျှင်ဝင်ရလိမ့်မည်။ ထိုနေ့၌ကာသခင်၊ သခင် အကျွန်ုပ်တို့ကို ကိုယ်တော်အခွင့်နှင့် ဆုံးမသြဝါဒပေးပါပြီမဟုတ်လော့၊ ကိုယ်တော်အခွင့်နှင့်နတ်ဆိုးတို့ကို နှင်ထုတ်ပါပြီမဟုတ်လော့၊ ကိုယ်တော်အခွင့်နှင့် များစွာသောတန်ခိုးတို့ကိုပြပါပြီမဟုတ်လော ဟုအများသောသူတို့သည် လျှောက်ကြလိမ့်မည်။ ထိုသို့လျှောက်ကြသောအခါသင်တို့ကို ငါအလျင်းမသိ၊ အဓမ္မအမှုကိုပြုသောသူတို့၊ ငါ့ထံမှဖယ်ကြဟု သူတို့အားအတည့်အလင်းငါပြောမည်။" မဿဲ ၇း၂၁-၂၃ မိမိတို့ကိုယ်ကိုခရစ်ယာန်များဖြစ်ကြသည်ဟုကြွေးကြော်ကာ ခရစ်တော်၏နာမ၌ နတ်ဆိုးတို့ကိုနှင်ထုတ်ခဲ့ကြသော်လည်း ၎င်းတို့အား မသိပါဟုခရစ်တော်ကမိန့်ဆိုလိမ့်မည်။ ၎င်းတို့၏အဓမ္မလုပ်ဆောင်မှုများနှင့်သန့်ရှင်းသောပညတ်တော်ကိုလစ်လျူရှုခဲ့ခြင်းများကြောင့် ထိုသူတို့သည် ကောင်းကင်နိုင်ငံတော်သို့ ဝင်စားခွင့်ရကြလိမ့်မည်မဟုတ်ချေ။

"ယေရှုကလည်း သင်တို့ကို အဘယ်သူမျှမလှည့်ဖြားစေခြင်းငှါသတိပြုကြလော့၊ အများသောသူတို့က ငါသည်ခရစ်တော်ဖြစ်၏ဟုဆိုလျှက် ငါ၏အယောင်ကိုဆောင်၍ ပေါ်လာသဖြင့် လူအများတို့ကို လှည့်ဖြားကြလိမ့်မည် ဟုလည်းမေရှိယကြွလာပြီဟု ကြွေးကြော်ကာ မိမိအယောင်ဆောင်လျှက် ဖြားယောင်းရန်ကြိုးစားကြမည့်အန္တီခရစ်များအကြောင်းကိုလည်း သတိပေးနိုးဆော်ထားပါသည်။ (မဿဲ ၂၄း၄-၅)။ "ခရစ်တော်၏အယောင်ကိုဆောင်သောသူနှင့် မိစ္ဆာပုရောဖက်တို့သည်ပေါ်လာ၍ ရွေးချယ်သောသူတို့ကို ပင်လှည့်ဖြားနိုင်လျှင်လှည့်ဖြားလောက်အောင်

ကြီးစွာသောနိမိတ် လက္ခဏာ အံ့ဖွယ်သောအမှုတို့ကို ပြုကြလိမ့်မည်။ ထိုအကြောင်းအရာတို့ကို ငါပြောနှင့်ပြီ။ ထို့ကြောင့်သူတို့က ခရစ်တော်သည် တောဌ်ရှိသည်ဟုဆိုသော်လည်းမထွက်မသွားကြနှင့်ဟုလည်းအငယ် ၂၄-၂၆ တို့တွင် ဆက်လက်ဖေါ်ပြထားပါသည်။

ခရစ်တော်ဒုတိယအကြိမ်ကြွမလာမီကလေးတွင် ပေါ်လာမည်ဆိုသည့် ထိုအန္တိခရစ်ကြီးသည် တကယ်ပေါ်လာဦးမှာဖြစ်ပါသလား၊ တကယ်ပေါ်လာဦးမည်ဖြစ်ပါသည်။ "အဘယ်သူမျှသင်တို့ကို အဘယ်သို့သောအားဖြင့် မလှည်းဖြားစေနှင့်၊ ထိုနေ့ရက်မရောက်မီ ဖေါက်ပြန်သင်းခွဲခြင်းသည် အရင်ဖြစ်၍ ဒုစရိုက်လူတည်းဟူသောပျက်စီးခြင်း၏သားသည် ပေါ်လာရလိမ့်မည်။ ထိုသူသည်ဘုရားသခင်ဟူ၍ လည်းကောင်း၊ ဘုရားဟူ၍လည်းကောင်း၊ ခေါ်ဝေါ်သမျှသောအရာတို့ကို ရန်ဘက်ပြု၍ ကိုယ်ကိုကိုယ်ချီးမြှောက်သောအားဖြင့် ဘုရားသခင်၏ဗိမာန်တော်၌ ဘုရားသခင်ကဲ့သို့ထိုင်၍ ဘုရားသခင်ဖြစ်ယောင်ဆောင်လျှက်ကိုယ်ကို ပြသောသူဖြစ်သတည်း။" ၂သက် ၂း၃-၄ နောက်ဆုံးသောကပ်ကာလနှင့်စပ်ဆိုင်သည့် နက်နဲသော ဤအနာဂတ္တိစကားအရ ယုံကြည်ခြင်းမှ ဖေါက်ပြန်ခြင်း၊ ယုံကြည်မှုကိုစွန့်ပယ်ခြားနားခြင်း၊ ဖြစ်ပေါ်လာဦးမည်ဖြစ်ကြောင်း ဖွင့်ဆိုထားပါသည်။ ထိုဘာသာရေးဖေါက်ပြန်မှုကြီးနှင့်အတူ အဓမ္မလူ သို့မဟုတ် ဒုစရိုက်လူတည်းဟူသော အန္တိခရစ်သည်ပေါ်လာလိမ့်မည်။ ထိုအန္တိခရစ်ကြီးသည် ဘုရားသခင်၏ဗိမာန်တော်တွင် မိမိကိုယ်တိုင်မြှောက်စားကာ ခရစ်တော်၏အမှုတော်အတုအယောင်ကို ထမ်းဆောင်နေလိမ့်မည်။

ထိုအန္တိခရစ်သည် မည်သည့်ဖြစ်ရပ်နှင့်ရင်ဆိုင်ရလိမ့်မည်နည်း၊ ၄င်းပြင်ကျွန်ုပ်တို့သည်သူ့ကိုမည်သို့သိနိုင်ကြလိမ့်မည်နည်း။ ဤမေးခွန်း၏အဖြေကို ၂သက် ၂း၈-၁၀ တွင်တွေ့ရပါသည်။ "ပယ်ရှင်းခြင်းသို့ရောက်သောအခါထိုအဓမ္မလူသည် ထင်ရှားလိမ့်မည်။ ထိုအဓမ္မလူကို သခင်ယေရှုသည် နှုတ်ထွက် ဝိညာဉ်တော်အားဖြင့်ဖျက်ဆီး၍ ကြွလာတော်မူခြင်း၏ ရောင်ခြည်အားဖြင့် ပယ်ရှားတော်မူလိမ့် မည်။ ထိုအဓမ္မလူ၏လာခြင်းအကြောင်းဟူမူကား စာတန်ပြုပြင်သော အားဖြင့်မုသာနှင့်စပ်ဆိုင်သော ထူးဆန်းသောတန်ခိုး နိမိတ်လက္ခဏာအံ့ဩဖွယ်အမှုအမျိုးမျိုးလည်းကောင်း၊ ပျက်စီးခြင်းသို့ရောက်သောသူတို့တွင် မတရားသောလှည့်ဖြားခြင်းအမျိုးမျိုးနှင့်လည်းကောင်း၊ လာလိမ့်မည်။ အကြောင်းမူကား ထိုသူတို့သည် ကယ်တင်ခြင်းသို့ရောက်အံ့သောငှာသမ္မာတရား၌မွေ့လျော်သောစိတ်ကို မခံမယူကြ။"

အန္တိခရစ်နှင့်တကွ သူ၏အုံ့ဩဖွယ်ရာ အတုအယောင်များအားဖြင့် လှည့်ဖြားခြင်းမခံရအောင် လုပ်ဆောင်ရမည့်တစ်ခုတည်းသောအရာမှာ သမ္မာတရား၏မေတ္တာတော်ကိုခံယူရန်ပင်ဖြစ်ပါသည်။ ထိုသမ္မာတရားသည် အခြား အန္တိခရစ်များ၏ ရန်မှလည်း ကျွန်ုပ်တို့အား ကွယ်ကာတော်မူလိမ့်မည်။ ထိုသမ္မာတရားကို မည်သည့်နေရာတွင် တွေ့နိုင်ပါသနည်း။ "နှုတ်ကပတ်တော် အလုံးစုံတို့သည် ဟုတ်မှန်ပါ၏၊ တရားသဖြင့်စီရင်တော် မူချက်ရှိသမျှတို့သည် အစဉ်အမြဲ တည်ကြပါ၏" ဟုသမ္မကျမ်းစာက ဖွင့်ဆိုထားပါသည် (ဆာလံ ၁၁၉း၁၆၀)

## Ash Wednesday (ဝါတွင်းအစရက်) အကြောင်းကို သမ္မာကျမ်းစာတွင်တွေ့ရှိရပါသလား?

ဤအကြောင်းအရာကို သမ္မာကျမ်းစာတွင် ဖေါ်ပြထားခြင်းမရှိပါ။ အမှန်မှာ ဤအရာသည် သာသနာပလူတို့၏ရိုးရာဖြစ်ပြီး လက်တင်ဝတ်ပြုကိုးကွယ်ခြင်းပုံစံများကို လက်ခံကြသည်။ ရောမအသင်းတော်များက ထိုအရာကို ခရစ်တော်ပေါ်ထွန်းပြီးနောက် နှစ်ပေါင်းများစွာအကြာတွင် လက်ခံကျင့်သုံးခဲ့ကြပါသည်။ ရောမနိုင်ငံအတွင်းရှိခရစ်ယာန်များနှင့် သာသနာပလူများအကြားပေါင်းစည်းမှုရရှိရန် ကွန်စတန်တင်းဘုရင်ကြီးစားသည်အချိန်တွင် ဤအရာအစပြုလာခဲ့ပါသည်။

Ash Wednesday (ပြာမှုန့်ဗုဒ္ဓဟူးနေ့) သည် ဝါတွင်းအစရက်ဖြစ်ပါသည်။ လက်တင်ဝတ်ပြုကိုးကွယ်ခြင်းပုံစံကို လက်ခံကြသည့်ရောမအသင်းတော်များသည် မိမိကိုယ်ကိုစစ်ဆေးခြင်း၊ နောင်တရခြင်း၊ ဆုတောင်းခြင်း၊ အစာရှောင်ခြင်း၊ နှင့်ကိုယ်အလိုကိုငြင်းပယ်ခြင်း၊ အကျင့်များကို ကျင့်ဆောင်လျက် ခရစ်တော်၏အချစ်ဇောနှင့် ထမြောက်ခြင်းများကို မျှဝေခံစားနိုင်စေရန်အလို့ငှါ မိမိကိုယ်ကိုပြင်ဆင်ရာတွင် ဤအရာ ကိုအသုံးပြုကြပါသည်။ ယမန်နှစ်အီစတာပွဲတော်မတိုင်မီ တနင်္ဂနွေနေ့က မီးရှို့ခဲ့ကြသည့် အုန်းထန်းများမှ ကျန်ကြွင်းသည့်ပြာများကိုကောင်းချီးပေးကာ 'သင်သည် မြေမှုန့်ဖြစ်၍မြေမှုန့်သို့ပြန်ရမည်' ဟုရွတ်ဆိုလျှက်ဘုန်းတော်ကြီးများက ရှေ့တက်ပြီး ဒူးထောက်လာ သူများ၏နဖူးပေါ်တွင် ထိုပြာနှင့် လက်ဝါး ကပ်တိုင်ပုံဆွဲပေးကြပါသည်။ သမ္မာကျမ်းစာအ ချိန်က ခေါင်းပေါ်သို့ပြာများကိုပစ်ခြင်းသည် ဝမ်းနည်းမှုအထိမ်းအမှတ်တစ်ခုဖြစ်ခဲ့ပါသည်။ ဤပြာမှုန့်ဗုဒ္ဓဟူးနေ့ကို အလေးအမြတ်ထားသူများအနေဖြင့် သန့်ရှင်းသောသေခြင်းအတွက် လိုအပ်သောပြင်ဆင်မှုတစ်ခုအဖြစ်အာပတ်ဖြေသည့်အခိပ္ပါယ်ကိုလည်း ဤနေ့ဝတ် ပြုကိုးကွယ်မှု တွင် ထပ်လောင်းပေါင်းစပ်ထားကြပါသည်။ အချို့ပရိုတက်စတင့်အသင်းတော်များနှင့်

တကွ အင်္ဂလီကန်အသင်းတော်များသည် ထိုနေ့ကို အလေးအမြတ်ထားကြပါသည်။ သို့ရာတွင်အရှေ့ခြမ်းဝတ်ပြုကိုးကွယ်ခြင်းစနစ်ကို လိုက်ကြသည့် ရောမအသင်းတော်များမှာ ဤနေ့ရက်ကိုအလေးအမြတ်မထားကြပါ။

## နက္ခတ်ဗေဒင်အကြောင်းကို သမ္မာကျမ်းစာတွင်ဖော်ပြထားပါသလား?

နက္ခတ်ဗေဒင်ကို အကြံဉာဏ်ကောင်းများရနိုင်သည့်အခြေအမြစ်တစ်ခုအဖြစ်မှတ်ယူကြသောကြောင့် ဖြစ်ပါသည်။ ဗေဒင်ကြည့်သောသူများနှင့် နက္ခတ်ဗေဒင်ကိုမိမိအသက်တာ၏လမ်းပြကဲ့သို့အသုံးပြုနေသူများအား ထာဝရဘုရားကမည်သို့မိန့်ဆိုထားပါသနည်း။ "သင်သည် များပြားသောတိုင်ပင်ခြင်းအားဖြင့်ပင်ပန်းလှပြီ၊ မိုးကောင်းကင်ကို ကြည့်ရှုသောသူ ကြယ်နက္ခတ်တို့ကိုမှတ်သောသူ သင်၌ဖြစ်လတံ့သောအမှုကို လ၏အခြင်းအရာအားဖြင့် ဟောတတ်သောသူတို့သည် ထ၍သင့်ကိုယခုကယ်တင်ကြစေ သူတို့သည် အမှိုက်ကဲ့သို့ဖြစ်၍ မီးရှို့ခြင်း ကိုခံရကြလိမ့်မည် မီးအရှိန်မှ မိမိတို့ကိုမကယ်မနှုတ်ရကြ၊ နွေးစရာဖို့မီးတစ်ခဲမျှ လှုံစရာဖို့မီးအလျှင်းမျှ မကျန်ရစ်ရ ကိုယ်စီကိုယ်စီမိမိနေရာအရပ်သို့ လွှဲသွားသဖြင့် သင့်ကိုကယ်တင်သောသူတစ်စုံတစ်ယောက်မျှမရှိရ" ဟေရှာ ၄၇း၁၃-၁၅။

ထာဝရဘုရားသခင်သည် နက္ခတ်ဗေဒင်အကြောင်းနှင့်စပ်လျဉ်း၍ ဗာဗုလုန်ပြည်သား သာသနာပလူများအား အထက်ပါအတိုင်းဖွင့်ဆိုတော်မူသည်ကို သမ္မာကျမ်းစာတွင်မှတ်တမ်းတင်ထားပါသည်။ ဤအရာသည် ဗာဗုလုန်မှ အစပျိုးခဲ့ခြင်း မှန်ကန်ကြောင်းကိုလည်း အရှေ့အလယ်ပိုင်းတူးဖော်တွေ့ရှိချက်များကအတည်ပြုထားပါသည်။ ဇာတာဖွဲ့ခြင်းသည်လည်း ဘီစီ ၅ မတိုင်မီကတည်းကအစပျိုးခဲ့ကြောင်းကို ကျူနီဖေါင်းကျောက်စာများတွင်တွေ့ရပါသည်။ နက္ခတ်ဗေဒင်ဆိုသည်မှာ ကာလဗေဒင်ပင်ဖြစ်ပါသည်။ ကောင်းကင်ယံတွင်ရှိနေသည့်နေ-လ-နက္ခတ်တာရာများ၏အနေအထားသည် လူတစ်ဦးချင်းအပေါ်တွင်လည်းကောင်း၊ လူသားများ၏လုပ်ကိုင်ဆောင်ရွက်မှုများအပေါ်တွင်လည်းကောင်း၊ သြဇာသက်ရောက်မှုရှိသည်ဟု ကာလဗေဒင်ကသွန်သင်ပါသည်။ ကျွန်ုပ်တို့ခေတ်တွင်ဗာဗုလုန်ခေတ်ကကဲ့သို့ပင် ဗေဒင်ကို အားကိုးသူအရေအတွက်သည် တိုးပွါးလျှက်ရှိပါသည်။

ဗာဗုလုန်ရှင်ဘုရင်နေဗုခဒ်နေဇာသည် ခက်ခဲနက်နဲသောဖြစ်ရပ်တစ်ခုနှင့်ရင်ဆိုင်နေရကြောင်း ဒံယေလကျမ်းတွင်ဖော်ပြထားပါသည်။ ထိုဘုရင်သည် စိတ်အနှောင့်အယှက်ဖြစ်စရာအိပ်မက်တစ်ခုကိုမက်ခဲ့ရာ ထိုအိပ်မက်၏အနက်ကို

သိလိုနေပါသည်။ ထို့ကြောင့် “အိပ်မက်တော်ကိုပြန်ပြောစေခြင်းငှါ မာဂုပညာရ ဗေဒင်တတ်၊ သူပြုဆရာ၊ ခါလဒဲဆရာတို့ကို ခေါ် ချေဟုအမိန့်တော်ပေးခဲ့ပါသည်။ ဒံယေလ ၂း၂”

ခါလဒဲဟုအမည်ရသည့် နက္ခတ်ဗေဒင်ပညာရှင်များသည်လည်း ပညာရှိများဟုခေါ်သည့်လူစုတွင်အပါအဝင်ဖြစ်ခဲ့ကြပါသည်။ နက္ခတ်ဗေဒင်ဆိုသည့် ဝေါဟာရ သက်ဆင်းလာသည့်ဟေဗြဲဝေါဟာရ၏အနက်မှာ ‘ကောင်းကင်အကြောင်း ဟောကြားခြင်း’ ဟူ၍ ဖြစ်ပါသည်။ ကာလဗေဒင်ဆိုသည့်မှာ အနာဂတ်အကြောင်း ကိုဟောကြားခြင်း (ဝါ) အတိတ်နမိတ်များ၏အဓိပ္ပါယ်ကိုဖွင့်ဆိုကာ လျှို့ဝှက်သော အရာများကို ဖွင့်ဆိုခြင်းဖြစ်သည်။ “မကောင်းသောအတတ်ကို မပြုစုရ ကာလဗေဒင်ကိုမကြည့်ရ”ဟူ၍ ဗေဒင်ကြည့်ခြင်းကို ထာဝရဘုရားတားမြစ်ထားတော်မူပါသည်။ ဝတ် ၁၉း၂၆

ကာလဗေဒင်ကြည့်ခြင်းသည် သမ္မာကျမ်းစာပါတိုင်းနိုင်ငံများတွင် နေထိုင်သူများအကြား သာမန်အရာတစ်ခုသာဖြစ်ပါသည်။ ခါနန်ပြည်သို့ဝင်စားခါနီးဖြစ်သော ဣသရေလများအား ထိုအရာကို မကျင့်သုံးရန် သတိပေးတော်မူခဲ့သည် “သင်၏ဘုရားသခင်ထာဝရဘုရားပေးတော်မူသောပြည်သို့သင်သည်ဝင်စားသော အခါ ထိုပြည်၌နေသော လူမျိုးတို့ပြုတတ်သောစက်ဆုပ်ရွံရှာဖွယ်အမှုတို့ကို ပြုခြင်းငှါမသင့်ရ ထိုစက်ဆုပ်ရွံရှာဖွယ်သောအမှုများတို့ကြောင့် သင်၏ဘုရားသခင်ထာဝရ ဘုရားသည် ထိုလူမျိုးတို့ကို သင့်ရှေ့မှ နှင်ထုတ်တော်မူ၏၊ သင်မူကားထိုသို့ပြုရ အောင် သင်၏ဘုရားသခင်ထာဝရဘုရားသည် အခွင့်ပေးတော်မမူ” (တရားဟော ၁၈း၉၊ ၁၂-၁၄) ဗေဒင်ကြည့်ခြင်းကို ဝမ်းနည်းစရာအပြစ်တစ်ခုအဖြစ်မှတ်တော်မူ၏ “ငြင်းဆန်သောသဘောသည် နတ်ဆိုးနှင့်ပေါင်းခြင်းကဲ့သို့လည်းကောင်း၊ ခိုင်မာသောသဘောသည် ဗေဒင်တန်ဆာကို သုံးခြင်းကဲ့သို့လည်းကောင်း၊ အပြစ်ကြီး၏” ဟု ၁ရာ ၁၅း၂၃ တွင် ဖေါ်ပြထားပါသည်။

သန်းပေါင်းများစွာသောလူအပေါင်းတို့သည် သတင်းစာတွင်ဖေါ်ပြသည့် ဗေဒင်ဟောစာတမ်းများကို အပျော်သဘောဖြင့်ဖတ်လေ့ရှိကြပါသည်။ ထိုကဲ့သို့ ဗေဒင်ဟောစာတမ်းများကို အပျော်ဖတ်ခြင်းကို သမ္မာကျမ်းစာက မည်သို့သဘော ထားပါသနည်း၊ ၁သက် ၅း၂၂ အရ ‘မကောင်းသောအမှုအမျိုးမျိုးရှိသမျှကိုရှောင် ကြလော့’ ဟုထာဝရဘုရားမိန့်တော်မူကြောင်းတွေ့ရှိရပါသည်။

နေဗုခဒ်နေဇာမင်းက ၎င်း၏အိမ်မက်အကြောင်းကို ဖေါ်ထုတ်ကာအနက် ကိုပြောပြရန် ဗေဒင်ဆရာများအပါအဝင် ပညာရှိဟုအခေါ်ခံရသည့် ဗာဗုလုန်သား

များအား တောင်းဆိုစဉ်က မည်ကဲ့သို့ ၎င်းတို့တုံ့ပြန်ခဲ့ကြသနည်း။ "ခါလဒဲဆရာတို့ကလည်း အရှင်မင်းကြီး၏အမှုအရာကို ဖြေနိုင်မည့်သူမြေကြီးပေါ်မှာ တစ်ယောက်မျှမရှိပါ၊ အဘယ်မည်သောရှင်ဘုရင်သည် ဘုန်းတန်ခိုးကြီးသော်လည်း မာဂုပညာရှိ၊ ဗေဒင်အတတ်၊ ခါလဒဲဆရာတို့ကို ဤသို့မေးမြန်လေ့မရှိပါဟု ပြန်လည်လျှောက်ထားခဲ့ကြသည်မဟုတ်ပါလား၊ (ဒံယေလ ၂း၁၀)

ဗာဗုလုန်ရှိ နက္ခတ်ဗေဒင်ပညာရှင်များသည် နေဗုခဒ်နေဇာ၏အိပ်မက်ပြဿနာကို မဖြေရှင်းနိုင်ခဲ့ကြပါ။ သို့ရာတွင် ထာဝရဘုရားသည် ဆုတောင်းခြင်းအသက်တာနှင့် ပြည့်စုံသောဒံယေလကို ဝိညာဉ်ဆုကျေးဇူးများဖြင့် ရစ်ပတ်ကာအိပ် မက်၏အနက်အကြောင်းကို ဘုရင်ကြီး အားပြောစေတော်မူခဲ့ပါသည်။ ဒံယေလက အရှင်မင်းကြီးမေးမြန်တော်မူသောအရာကို ပညာရှိဗေဒင်တတ်၊ မာဂုဆရာ၊ အနာဂတ္တိဆရာတို့သည် အရှင်မင်းကြီးအားဖော်ပြခြင်းငှါ မတတ်နိုင်ကြပါ၊ နက်နဲသော အရာတို့ကို ဖွင့်ပြ၍ နောင်ကာလ၌ ဖြစ်လတ္တံ့သောအရာတို့ကို နေဗုခဒ်နေဇာမင်း အား ကြားပြောတော်မူသောဘုရားတစ်ဆူသည် ကောင်းကင်ဘုံမှာရှိတော်မူ၏၊ အရှင်မင်းကြီး နောင်၌ဖြစ်လတ္တံ့သောအရာတို့ကို ကိုယ်တော်သည် စက်တော်ခေါ် ၍ မြော်လင့်တော်မူ၏။ နက်နဲသောအရာကို ဖွင့်ပြတော်မူသောဘုရား သည် နောင်ကာလ၌ ဖြစ်လတ္တံ့သောအရာတို့ကို ကိုယ်တော်အားပြ တော်မူ၏။ ဒံယေလ ၂း၂၇-၂၉ ဒံယေလသည် ထာဝရဘုရား၏မစကူညီမှုဖြင့် ထိုအနာဂတ္တိဆိုင်ရာ အိပ်မက်ကြီးကို ရှင်းလင်းဖော်ပြနိုင်ခဲ့ပါသည်။

အကယ်၍ ကျွန်ုပ်တို့၏ ဘဝအသက်တာတွင် ရှုပ်ထွေးသောအခြေအနေများကို နားလည်ဖို့လိုအပ်နေလျှင် ကာလဗေဒင်ဆရာများထံသွားဖို့မလိုပဲ နက်နဲသောအရာများကို သိရှိသောဘုရားတစ်ဆူကောင်းကင်၌ရှိတော်မူကြောင်းကိုသိရှိနားလည်ဖို့လိုအပ်လှပါသည်။ ကျွန်ုပ်တို့သည် ဒံယေလကဲ့သို့ပင် အကူအညီအမအစရရှိရန် ဆုတောင်းခြင်းအားဖြင့် ထာဝရာဘုရားထံသို့တိုးဝင်ချဉ်းကပ်နိုင်ကြပါသည်။ ၎င်းပြင် ကျွန်ုပ်တို့သည် မှန်ကန်သောအကြံပြုချက်များကိုလည်း သမ္မာကျမ်းစာတွင်တွေ့ရှိနိုင်ကြပါသည်။

## နှစ်ခြင်းမင်္ဂလာမခံယူမီ အကြိုလုပ်ဆောင်ထားရမည့်အရာများရှိပါသလား?

ခရစ်တော်အား ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ယုံကြည်ခြင်းနှင့် နောင်တရခြင်းသည် နှစ်ခြင်းမခံမီ အကြိုလုပ်ဆောင်ထားရမည့်အရာများဖြစ်ကြောင်း သမ္မာကျမ်းစာတွင်ဖော်ပြထားသည်။ (တမန် ၈း၃၆-၃၇၊ ၂း၃၇-၃၈)

## နှစ်ခြင်းမင်္ဂလာခံခြင်းသည်  ကယ်တင်ခြင်းအတွက်လိုအပ်ချက်တစ်ခုဖြစ်နေပါသလား။

ကယ်တင်ခြင်းရရှိရန် နှစ်ခြင်းမင်္ဂလာခံဖို့လိုအပ်ကြောင်းခရစ်တော်မိန့်တော်မူခဲ့ပါသည်။ (ယောဟန် ၃း၅) လက်ထပ်မင်္ဂလာထိမ်းမြားခြင်းနှင့် ဗတ္တိဇံခံခြင်းတို့၌ တူညီသည့်အချက်များစွာရှိပါသည်။ ခရစ်ယာန်မိသားစုထဲသို့ဝင်ကာ ခရစ်ယာန်ဟူသောအမည်ကို ခံယူရန် နှစ်ခြင်းမင်္ဂလာ (ဝါ) ဗတ္တိဇံခံခြင်းသည်ကျော်လွှားရမည့်ဝင်ပေါက်တစ်ခုဖြစ်ပါသည်။ ခရစ်တော်နှင့်ပုဂ္ဂိုလ်တစ်ဦးအကြားရှိ ဆက်ဆံရေးတိုးပွားကာ ဘဝတစ်လျှောက်လုံး၏ပုဂ္ဂလိကအတွေ့အကြုံတစ်ခုဖြစ်စေရန်ဤအရာကို ထာဝရဘုရားရည်ညွှန်းတော်မူပါသည်။ ကပ်တိုင်ထက်တွင်ကျခဲ့သည့်ခရစ်တော်၏အသွေးတော်အားဖြင့်သာ ကယ်တင်ခြင်းရနိုင်သည်ဆိုသည့်အချက်သည်ဧဝံဂေလိတရားတော်၏ဆောင်ပုဒ်ဖြစ်ပါသည်။ (ရောမ ၃း၂၅၊ ၅း၉၊ ဧဖက် ၁း၇၊ ကော ၁း၂၀၊ ဟေဗြဲ ၉း၂၂၊ ဗျာဒိတ် ၁း၅) စသည့်ယုံကြည်ခြင်းအားဖြင့်ကျေးဇူးတော်ကြောင့်ထိုအရာကို မှီခိုအားထားနိုင်ပါသည်။

## သမ္မာကျမ်းစာသည်အမှားအယွင်းကင်းသည်ဟုဖွင့်ဆိုထားသောကျမ်းချက်များရှိပါသလား။

သမ္မာကျမ်းစာသည်ယုံကြည်အားကိုးထိုက်ကြောင်းကာကွယ်ပြောဆိုလိုသူများက ၎င်းစာအုပ်သည်အမှားအယွင်းကင်းကြောင်းပြောဆိုကြသော်လည်း သမ္မာကျမ်းစာကိုယ်၌ကမူထိုသို့မဖွင့်ဆိုထားပါ။ သို့ရာတွင်ဟုတ်မှန်သည်ဟုတော့ သမ္မာကျမ်းစာကဖွင့်ဆိုပါသည်။ “နှုတ်ကပတ်တော်အလုံးစုံတို့သည် ဟုတ်မှန်ပါ၏ တရားသဖြင့်စီရင်တော်မူချက်ရှိသမျှတို့သည် အစဉ်အမြဲတည်ကြပါ၏” ဆာလံ၁၁၉း၁၆၀ ဟုတ်မှန်ခြင်းမှာအမှားအယွင်းကင်းသည်ဟုမဆိုလိုသည်ကို ဤနေရာတွင်မှတ်မှတ်သားသားပြောစရာဖြစ်လာပါသည်။

အားလုံးမှန်ကန်သည်သို့မဟုတ်မမှန်ကန်ပါ။

လူကြီးလူကောင်းများနှင့်တကွဝိညာဉ်ရေးဖက်တွင်အားကောင်းသူများက သမ္မာကျမ်းစာကိုဖွင့်ဆိုနေကြလင့်ကစား သမ္မာကျမ်းစာကိုပုံအောရမည့်အခြေဖြစ်သည်ဟုကျမ်းချက်အထောက်အထားမရှိပါ။ သမ္မာကျမ်းစာမှာအမှားအယွင်းများစွာတွေ့နိုင်ပါသည်။ သို့ရာတွင်ထိုအမှားအယွင်းတစ်စုံတစ်ခုမျှ

သမ္မာတရားအရှင် ဘုရားသခင့်ထံမှလာသည့်အရာမဟုတ်ပါချေ” ဟုဂျွန်ဝက်စလေက ၂၄. ၈. ၁၇၇၆ ထုတ်သူ၏ဂျာနယ်တွင်ရေးသားခဲ့ပါသည်။ ၎င်းပြင် “မိုက်မဲသောပုစ္ဆာအမေးတို့ကိုလည်းကောင်း ဆွေစဉ်မျိုးဆက်စာရင်းတို့ကိုလည်းကောင်း ပညတ်တရားကြောင့်ရန်တွေ့ခြင်း တိုက်လှန်ခြင်းတို့ကိုလည်းကောင်းရှောင်လော့ အကြောင်းမူကားထိုအရာတို့သည် အကျိုးမရှိအချည်းနှီးသက်သက်ဖြစ်ကြ၏” “ဒဏ္ဍာရီစကားကိုနားမထောင်ကြနှင့် ယုံကြည်ခြင်း၌တည်သော ဘုရားသခင်၏ သာသနာတော်ကိုပြုစုသည်ထက် အချင်းချင်းငြင်းခုံခြင်းကိုသာ၍ပြုစုတတ်သော ပြင်ဆင်၍မကုန်နိုင်သော ဆွေစဉ်မျိုးဆက်စာရင်းများကို ပမာဏမပြုကြနှင့်” ဟုလည်းရှင်ပေါလုက ဆုံးမထားပါသည်။ (တိတု ၃း၉၊ ၁တိ ၁း၄)

ကျွန်ုပ်တို့သည်အသေးစိတ်အချက်အလက်များနှင့် ညှိနှိုင်းလုပ်ဆောင်ရန် လိုအပ်ချက်များကို ကျော်လွှားသောအချိန်တွင် စိုးရိမ်ကြောက်ရွံ့မှုများပျောက်ကွယ်သွားကာ သမ္မာတရားသည် ကျွန်ုပ်တို့၌အသက်ရှင်စေဖို့ အလိုတော်ကိုနားလည်ရန်ကြိုးစားလျက် နှုတ်ကပတ်တော်၏အနှစ်သာရသတင်းစကားများကို အရေးယူနာကြားရန်ဦးလှည့်နိုင်ကြပါသည်။ ဆန့်ကျင်ဘက်သဘောဆောင်သော အရာများကိုသမ္မာကျမ်းစာထဲတွင် တွေ့ရသယောင်ရှိသော်လည်း ထိုအရာများကို ဘုရားသခင်ပါဝင်ခွင့်ပြုထားသည်မှာထင်ရှားပါသည်။ မည်သို့ပင်ဆိုစေကာမူ ပညတ္တိကျမ်း အနာဂတ္တိကျမ်းတို့ကိုပြည့်စုံစေခြင်းငှာ မိမိလာကြောင်းကျမ်းစကား တစ်လုံးစီပြည့်ခြင်းသို့မရောက်မီ ကောင်းကင်နှင့်မြေကြီးမပျက်စီးနိုင်ဟု ခရစ်တော်ကဖွင့်ဆိုခဲ့ပါသည်။ (မဿဲ ၅း၁၇-၁၈)

ဘုရားသခင့်အပေါ် သစ္စာရှိသူများ ရာစုနှစ်ပေါင်းများစွာကတည်းက ပေါ်ထွန်းခဲ့ပါသည်။ ထိုသူများသည်ဘုရားသခင့်ထံမှ သစ္စာတရားအပ်နှင်းခြင်းခံရပြီ။ ထိုနှုတ်ကပတ်တော်ကိုကာကွယ်စောင့်ထိန်းကြပါသည်။ ဟေဗြဲဘာသာနှင့်ဂရိဘာသာများဖြင့်ရေးထားသည့် နှုတ်ကပတ်တော်လက်ရေးစာမူများသည်လည်း ဘုရား၏နိမိတ်ပြကာကွယ်မှုကို ခေတ်အဆက်ဆက်ခံခဲ့ရပါသည်။

စုံလင်မှုမရှိသော်လည်း ကိုးစားထိုက်သောအရာဖြစ်ပါသလား။

ရှေ့နောက်စီလျော်မှုမရှိခြင်းများကို တွေ့ရှိခြင်းကြောင့်ဤနေရာတွင် သမ္မာကျမ်းစာကို ကိုးစားနိုင်ခြင်းမရှိလျှင်အခြားမည်သည့်နေရာတွင် ကိုးစားလို့ရနိုင်မည်လဲဆိုသည့်အချက်သည် ကျမ်းစာဖတ်သူအများစု၏မှတ်ချက်တစ်ခုဖြစ်သည်၊ ဆိုလိုသည်မှာလုံးဝဥဿုံစုံလင်ခြင်းရှိမှ ယုံကြည်ကိုးစားထိုက်မှာလား ဆိုသည့်သဘောပင်ဖြစ်သည်။ သမ္မာကျမ်းစာကိုစိတ္တဗေဒဆိုင်ရာသုတေသန

ကျမ်းတစ်ခုအဖြစ်ရှုမြင်လျှင်သော်လည်းကောင်း၊ သိပ္ပံပညာဆိုင်ရာစာရွက် စာတမ်း (ဝါ) ဘုရားတရား ကိစ္စဆိုင်ရာမှတ်တမ်းတစ်ခုအဖြစ်ရှုမြင်လျှင် သော်လည်းကောင်း၊ ဆိုးရွားသောအမှားအယွင်းတစ်ခုအကြောင်းကို ပုဂ္ဂိုလ်တစ် ဦးဦးက ဖွင့်ဆိုလိုက ဖွင့်ဆိုနိုင်ပါသည်။ သို့ရာတွင်သမ္မာကျမ်းစာကိုမိသားစုပေးစာ (ဝါ) မိတ်ဆွေတစ်ဦးထံမှပေးစာ တစ်ခုအဖြစ်ရှုမြင်လည်းကောင်း၊ ကျမ်းစာအပေါ် ကိုးစားမှုကိုလူတစ်ဦးတစ်ယောက်အပေါ် ကိုးစားမှုမျိုးကဲ့သို့ကျွန်ုပ်တို့သတ်မှတ်ကြမည်ဆိုလျှင်လည်းကောင်း၊ လုံးဝဥဿုံစုံလင်မှုကို ကျွန်ုပ်တို့တောင်းဆိုကြတော့မည်မဟုတ်ချေ။ သမ္မာကျမ်းစာကို သဘာဝလွန်ဘာသာစကားတစ်ခုဖြစ်ရေးသားပေးပို့ခဲ့ခြင်းမဟုတ်ဘဲ၊ ဘူ့ဘာသာစကားဖြင့်သာရေးသားပေးပို့ထားပါသည်။ လူသားများကိုလက်လှမ်းမှီနိုင်စေရန် အလို့ငှာ ခရစ်တော်သည် လူဇာတိကိုခံယူတော်မူခဲ့ရာ လူသားနှင့်ပတ်သက်သည့်ခပ်သိမ်းသောအရာတို့သည် စုံလင်ခြင်းမရှိကြပါ။

ကျွန်ုပ်တို့သည်သမ္မာကျမ်းစာကိုအရှိကိုအရှိအတိုင်းဘုရားသခင် မှုတ်သွင်းတော်မူသည့်နှုတ်ကပတ်တော်အဖြစ် ဖြင့်သာလက်ခံကြဖို့လိုအပ်ပါသည်။ ကိုယ်တော်ရှင်သည်မိမိ၏ကိုယ်ပိုင်စာအုပ်ကြီးကို မိမိကိုယ်တိုင်စောင့်ရှောက်ရန် ကိုယ်တော်ရှင်အား ကျွန်ုပ်တို့ခွင့်ပြုဖို့လိုအပ်ပါသည်။ ကျမ်းစာထဲရှိအမှားအယွင်းဟု ပြောဆိုလိုက ပြောဆိုနိုင်သည့်အရာများကို ရှာဖွေစုဆောင်းနေသူများကို တောင်းပန်လိုသည်မှာ ပြစ်တင်ဝေဖန်မှုများကို ရပ်တန့်ကရပ်ကြပြီး နှုတ်ကပတ်တော်၏ သွန်သင်ချက်များကို လိုက်နာစောင့်ရှောက်ရန်ပင်ဖြစ်ပါသည်။ ထိုသို့ပြုလုပ်ကြမည်ဆိုပါလျှင် ၎င်းတို့အထဲမှ တစ်ဦးတစ်ယောက်မှ ပျက်စီးခြင်းသို့ရောက် ကြလိမ့်မည်မဟုတ်ချေ။

လူ့ဇာတိနှင့်ဘုရားဇာတိရောစပ်ထားသည့်နှုတ်ကပတ်တော်။

ဘက်စုံဗဟုသုတရှိသူ ပညာတတ်ဝေဖန်ရေးသမားများက သမ္မာကျမ်းစာထဲရှိ ခြားနားချက်များအပေါ် နှစ်ပေါင်းများစွာ အသားပေးဖွင့်ဆိုခဲ့ကြသော်လည်း ယခုမျက်မှောက်ခေတ်တွင်မူ သမ္မာကျမ်းစာ၏ အရေးပါသောစည်းလုံးညီညွတ်မှုအပေါ်တွင် အသားပေးတွေးခေါ်လာကြပြန်ပါသည်။ သမ္မာကျမ်းစာ၏အဓိကဆောင်ပုဒ် (ဝါ) စည်းလုံးခြင်းနှင့်ပြည့်စုံသောနိယာမကြီးမှာ ကယ်တင်ခြင်းစီမံကိန်းနှင့် လူ့သမိုင်းတွင် ထင်ရှားခဲ့သည့် ထိုစီမံကိန်းကို အကောင်အထည်ဖော်ခြင်းပင်ဖြစ်ပါသည်။ သို့ရာတွင် ကျမ်းစာ၏စည်းလုံးခြင်းဆိုသည့်စကားအရပ်ကို တူညီခြင်းဟူသောအနက်မျိုးမဖွင့်မိဖို့အရေးကြီးပါသည်။ သမ္မာကျမ်းစာထဲရှိစာအုပ်

များတွင် ကယ်တင်ခြင်းစီမံကိန်းကို ရှုထောင့်အမျိုးမျိုးမှ ရှုမြင်ကာ ရှုထောင့်အမျိုးမျိုးက အသားပေးဖော်ပြထားပါသည်။

သမ္မာကျမ်းစာသည် ၄င်း၏ ကလောင်ရှင်ခရစ်တော်ဘုရားနည်းတူဘုရားဇာတိနှင့်လူ့ဇာတိတို့ကို ပေါင်းစပ်ခြင်းကြောင့် ဖြစ်ပေါ်လာသည့်နက်နဲသည့် ရလဒ်တစ်ခုဖြစ်ပါသည်။ ခရစ်တော်၏လူ့ဇာတိခံယူခြင်းအကြောင်းကိုအသိဉာဏ်နည်းပါးသောလူသားများက ပြည့်စုံအောင်ရှင်းပြနိုင်စွမ်းမရှိသကဲ့သို့ သမ္မာကျမ်းစာအကြောင်းကိုလည်း စုံစုံလင်လင်ရှင်းပြရန်မှာ မဖြစ်နိုင်ပါချေ။ သမ္မာကျမ်းစာကိုရေးပေးခဲ့ကြသည့်လူသားများ၏ ရေးမူရေးဟန်များနှင့်အသုံးအနှုန်းများသည် ၎င်းတို့ရေးသောစာအုပ်အသီးသီးတွင် ပေါ်လွင်နေပါသည်။ သို့စေကာမူထိုသမ္မာကျမ်းစာကိုရေးသားနိုင်ရန် ထိုလူသားများကို ဘုရားသခင်ကအသိဉာဏ်ပေးတော်မူခဲ့ပါသည်။ (၂ တိ ၃း၁၆-၁၇) လူတို့သည် ဟောပြောကြသောအခါတွင်လည်း "သန့်ရှင်းသောဝိညာဉ်တော်၏တိုက်တွန်းတော်မူခြင်းကိုခံကြရ၏ (၂ ပေ ၁း၂၁) ထို့ကြောင့်သမ္မာကျမ်းစာသည် အထူးသောယုတ္တိဖြင့်ပြည့်ဝသော နှုတ်ကပတ်တော်ဖြစ်ပါသည်။

*** ကျမ်းချက်တစ်ချက်နှင့်တစ်ချက်ဆန့်ကျင်မှုများရှိပါသလား။**

သမ္မာကျမ်းစာတွင်ဖော်ပြထားသည့် ကိန်းဂဏန်းများဆွေစဉ်မျိုးဆက်နှင့်နေ့စွဲရက်စွဲများအား တိကျမှုလိုအပ်သောအကြောင်းအရာများအဖြစ် မမှတ်ယူပဲ နှစ်သက်စရာစိတ်ဝင်စားစရာကောင်းသောအကြောင်းအရာများအဖြစ်သာ သဘောထားနိုင်လျှင် ကျမ်းစာဖတ်ရှုသူအားလုံးအတွက်ကောင်းပါသည်။ ထိုသို့သဘောထားနိုင်လျှင် သက်ဆိုင်ရာသုံးသပ်ချက်များအပေါ်တွင်လည်း ကျေနပ်မှုရှိပါလိမ့်မည်။

အထူးသဖြင့်အကြောင်းအရာများတွင်ဖော်ပြထားသည့် ကိန်းဂဏန်းများအချက်အလက်များသည် အနည်းငယ်ကွဲလွဲမှုရှိသည်ကို သမ္မာကျမ်းစာတွင်တွေ့ရပါသည်။

ကိန်းဂဏန်းကွဲလွဲမှုများ-

ဧဇရ ၂ နှင့်နေဟမိ ၇ တို့တွင်တူညီသောအကြောင်းအရာများကို ဖော်ပြထားသော်လည်း တွေ့ရှိရသောကိန်းဂဏန်းကွဲလွဲမှုများအပေါ် လူအများကမေးခွန်းထုတ်ထားပါသည်။ နေဟမိ၏စာရင်းသည် ယေရုရှင်လင်မြို့ကိုပြန်လည်ထူထောင်ရာတွင် ၎င်းအားလမ်းညွှန်ရန် နှစ်ပေါင်း (၁၀၀) လောက်ကြာမှအသုံးပြုသောစာရင်းဖြစ်သည်။ ဧဇရက ကိန်းဂဏန်းပေါင်း (၄၂) ခုဖော်ပြထားရာ

နေဟမိ၏ဖော်ပြချက်နှင့် (၁၈) ခုကွဲလွဲနေပါသည်။ (ဧဇရ ၂း၃-၆၀ နှင့် နေဟမိ ၇း၈-၆၂) ထိုကွဲလွဲမှုများသည် မပြောပလောက်သည့်ပြင် ဖြေရှင်းလို့ရနိုင်သည့် အရာလည်းဖြစ်ပါသည်။ ထိုစာရင်းနှစ်ခုမှာကောက်ယူသောအချိန်မတူညီခြင်း ထို မတူညီသောအချိန်အတွင်းတွင် သေဆုံးခြင်းနှင့်မွေးဖွားခြင်းနှင့်အခြားအကြောင်း အချက်များကြောင့် လူဦးရေကိန်းဂဏန်းသည်အပြောင်းအလဲရှိနိုင် ပါသည်။ ၎င်းပြင်ပုဂ္ဂိုလ်တစ်ဦးချင်းကို ရည်ညွှန်းထားသော၅စာရင်း(၂) ခုအကြောင်း တင်ပြ သည့် ပုံစံများလည်းခြားနားမှုရှိနိုင်ပါသေးသည်။ ဤကွဲလွဲမှုမျိုး ကို သမ္မာကျမ်းစာ တွင်တွေ့ရပါသည်။ အထူးသဖြင့်ဓမ္မဟောင်းကျမ်းစာထဲရှိ နာမည်များကို ရည်ညွှန်း ဖော်ပြသည့်အချိန်များတွင် ဓမ္မသစ်ကျမ်းထဲတွင် ဤကွဲလွဲမှု မျိုးကိုတွေ့ရပါသည်။

နတ်ဆိုးစွဲသူကိန်းဂဏန်းကွဲလွဲခြင်း-

မဿဲ ၈း၂၈-၃၄ နှင့် မာကု ၅း၁-၂၀ တွင် အကြောင်းအရာတူတစ်ခုကို ဖော်ပြထားပါသည်။ ပထမကျမ်းတွင် နတ်ဆိုးစွဲသူ (၂) ဦးဟုဖော်ပြထားပြီးဒုတိ ယကျမ်းထဲတွင်မူ (၁) ဦးဟုသာဖော်ပြထားရာ ကျမ်းစာဖတ်သူများအတွက် စိတ် အနှောက်အယှက်ဖြစ်စေပါသည်။ သို့ရာတွင်“ရှင်မဿဲက နတ်ဆိုးစွဲသူ (၂) ဦး ဟုဖွင့်ဆိုထားပါသည်။ သို့သော်ထို (၂) ဦးထဲမှ (၁)ဦးသည် သိသိသာသာကြမ်း တမ်းဆိုးဝါးနေခြင်းမှာထင်ရှားပါသည်” ဟုကျမ်းစာအနက်ဖွင့်ဆရာတစ်ဦးက ရှင်း ပြထားပါသည်။ ထိုနည်းတူစွာပင် မဿဲ ၂၀း၃၀ နှင့်မာကု ၁၀း၄၆၊ လုကာ ၁၈း၃၅ တို့သည်အကြောင်းအရာတူတစ်ခုကိုဖော်ပြကြသော်လည်း မဿဲ မျက်မမြင် (၂) ဦးဟုဖော်ပြထားချိန်တွင် မာကုနှင့်လုကာက မျက်မမြင် (၁)ဦးဟုဖော်ပြထားကြပါ သည်။ ထိုကွဲလွဲမှုအတွက် အကြောင်းပြချက်မှာအထက်ပါအကြောင်းပြချက် အတိုင်းပင်ဖြစ်နိုင်ပါသည်။

ခရစ်တော်၏မိန့်မြွက်ချက်မှကွဲလွဲမှု-

မဿဲ၊မာကု၊လုကာနှင့်ယောဟန်တို့သည် ခရစ်တော်မိန့်မြွက်တော်မူသည့် စကားများကိုပင် ကွဲလွဲစွာမှတ်တမ်းတင်ခဲ့ကြသည်ကို ၎င်းတို့ရေးသောစာအုပ်လေး အုပ်တွင်တွေ့ရပါသည်။ ဥပမာအားဖြင့်ကပ်တိုင်တွင်ထိုးထားသည့် ကမ္ဗည်းကဲ့ သို့သောအရာတွင် တစ်ဦးနှင့်တစ်ဦးကွဲလွဲစွာဖော်ပြခဲ့ကြပါသည်။ ထိုအချက်များကို ကိုင်ဆွဲကာထိုကျမ်းရေးဆရာများသည် ကိုးစားထိုက်သူများမဟုတ်ကြောင်း အတု အယောင်များသာဖြစ်သည့်ပြင် ၎င်းတို့ရေးသောကျမ်းစာများသည်လည်း ဘုရား သခင်မှုတ်သွင်းသောအရာများမဖြစ်နိုင်ကြောင်း မယုံကြည်သူများကထောက်ပြ လာပါသည်။ သို့သော် သေချာစွာ ဆန်းစစ်ကြည့်သောအခါ ၎င်းတို့ထင်သည့်

သည့်အတိုင်းမဟုတ်ပါချေ။ ဤကျမ်းရေးဆရာ (၄)ဦးသည်လည်းခရစ်တော်၏ အခြားနောက်လိုက်များနည်းတူ ခရစ်တော်၏သက်တော်စင်ကို မျက်မြင်ကိုယ်တွေ့ခံစားခဲ့သူများအဖြစ် မိမိကိုယ်ကိုမှတ်ယူခဲ့ကြပါသည်။ မိမိတို့မြင်တွေ့ခဲ့ရသည့် အတိုင်းအရာခပ်သိမ်းတို့ကို ၎င်းတို့ဖေါ်ပြခဲ့ကြပါသည်။

သမ္မာကျမ်းစာ၏အမှန်တရားကိုဤကွဲလွဲမှုများကဖေါ်ညွှန်းခြင်း-

ယနေ့တရားရုံးများတွင် မျက်မြင်သက်သေများကအကြောင်းအရာတစ်ခုနှင့်စပ်လျဉ်း၍တစ်ထပ်တည်းသက်သေခံကြလျှင် ၎င်းတို့ကိုမှန်ကန်သည်ဟု မှတ်ချက်မချပဲ။ တူညီစွာသက်သေထွက်ဆိုသည်ဟု မှတ်ချက်ချလေ့ရှိပါသည်။ အကြောင်းမှာအကြောင်းအရာတစ်ခုအပေါ်တွင် အမြင်ခြင်းမတူညီနိုင်ကြောင်း အတွေ့အကြုံများကကျွန်ုပ်တို့အားသွန်သင်ထားပါသည်။ မြင်တွေ့သူတစ်ဦးသည်အကြောင်းအချက်တစ်ခုအပေါ်တွင်ပို၍စိတ်ဝင်စားအလေးထားပြီး အခြားမြင်တွေ့သူတစ်ဦးမှာ အခြားအကြောင်းအချက်တစ်ခုအပေါ်တွင် အလေးထားထားတတ်ပါသည်။ ထိုနည်းတူအကြောင်းအရာတစ်ခုအကြောင်းကို အတူတူကြားသိရသည်မှာမှန်ကန်သော်လည်း တစ်ဦးကမိမိကြားသိသမျှမှအချို့ ကဏ္ဍများကို ဦးစားပေးမှတ်တမ်းတင်တတ်သလို အခြားတစ်ဦးမှာအခြား ကဏ္ဍတစ်ခုကို အသားပေးတင်ပြတတ်ပါသည်။ ၎င်းတို့၏တင်ပြချက်များတွင် အနက်အဓိပ္ပါယ်နှင့်သုံးသပ်ချက်များကွဲပြားခြားနားမှုမရှိလျှင် ထိုသက်သေခံများသည်အမှန်ကို တင်ပြနေသည်ဟုယူဆနိုင်ပါသည်။ ကွဲလွဲသယောင်ထင်ရသော တင်ပြချက်များသည်ပင်လျှင်အမှန်မှာ ကွဲလွဲမှုမရှိပဲတစ်ခုကိုတစ်ခုက ဖြည့်ဆည်းပေးနေတတ်ပါသည်။

မှန်ကန်သော သက်သေခံချက်ဆိုသည်မှာ အကြောင်းအရာတစ်ခုအကြောင်းကို-၏-သည်-၍ မလွဲ ထပ်တူထပ်မျှ တူညီဖို့မလိုပါဟုမှတ်ချက်ချရန် တရားရုံးအတွေ့အကြုံအပါအဝင် အတွေ့အကြုံအစုစုတို့ကလမ်းပြနေပါသည်။

**⁕ အကြောင်းအချက်များနှင့်အသေးအဖွဲ့ကိစ္စများ-**

သမ္မာကျမ်းစာသည်စာရေးသူ (၄၄)ဦးက နှစ်ပေါင်း ၁၅၀၀ ကြာရေးသားပြုစုထားသည့် စာအုပ် ၆၆ အုပ်ပါရှိသော စာကြည့်တိုက်ကလေးတစ်ခုပင်ဖြစ်ပါသည်။ ၃၉ အုပ်ပါဓမ္မဟောင်းကျမ်းကို BC.၁၄၀၀-၄၀၀ အတွင်းတွင်ပြုစုရေးသားခဲ့ပါသည်။

စတီဗင်လင်ဂ်တန်ဆိုသူက အေဒီ ၁၂၂၈ ခုနှစ်တွင်သမ္မာကျမ်းစာ၏ အခန်းကြီး (Chapter) များကိုခွဲခြားသတ်မှတ်ခဲ့ပြီး R နာသန်ဆိုသူက အေဒီ ၁၄၄၈

တွင်ဓမ္မဟောင်းကျမ်းရှိကျမ်းပိုဒ်များကိုလည်းကောင်း ရောဘတ်စတိဖီးနပ်စ် ဆိုသူက အေဒီ ၁၅၅၁ တွင်ဓမ္မကျမ်းရှိကျမ်းပိုဒ်များကိုလည်းကောင်း ခွဲခြားသတ်မှတ်ခဲ့ကြပါသည်။ ကျမ်းစာတစ်အုပ်လုံးရှိအခန်းကြီးများနှင့်ကျမ်းပိုဒ်များခွဲခြား သတ်မှတ်ထားသည့်ကျမ်းစာကို ၁၅၆၀ အေဒီမှာ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဂျနီဗာ သမ္မာကျမ်းစာ 'Geneva Bible' တွင်တွေ့ရပါသည်။

ကင်းဂျိမ်းစ်ကျမ်းစာအုပ် (King James Version) မှစိတ်ဝင်စားစရာအချက်အလက်တစ်ချို့ကို အောက်တွင်ဖော်ပြထားပါသည်။

သမ္မာကျမ်းစာအုပ်ထဲရှိကျမ်းများ

| | |
|---|---|
| *သမ္မာကျမ်းစာတစ်အုပ်လုံး | -၆၆ |
| *ဓမ္မဟောင်းကျမ်း | -၃၉ |
| *ဓမ္မသစ်ကျမ်း | -၂၇ |
| *ဓမ္မဟောင်း၏အလယ်ကျမ်း | -သုတ္တံကျမ်း |
| *ဓမ္မသစ်၏အလယ်ကျမ်း | -၂သက်သာ |

ကျမ်းပိုဒ်များ

| | |
|---|---|
| *ဓမ္မဟောင်းကျမ်း | -၂၃၂၁၄ ကျမ်းချက်များ |
| *ဓမ္မသစ်ကျမ်း | -၇၉၅၉ ကျမ်းချက်များ |
| *တစ်အုပ်လုံး၏အလယ်ကျမ်းပိုဒ် | -ဆာလံ ၁၁၈း၈ |
| *ဓမ္မဟောင်း၏အလယ်ကျမ်းပိုဒ် | -၂ရာချုပ် ၂၀း၁၇ |
| *ဓမ္မသစ်၏အလယ်ကျမ်းပိုဒ် | -တမန် ၁၇း၁၇ |
| *ဓမ္မဟောင်း၏အတိုဆုံးကျမ်းပိုဒ် | -၁ရာချုပ် ၁း၂၅ |
| *ဓမ္မသစ်၏အတိုဆုံးကျမ်းပိုဒ် | -ယောဟန် ၁၁း၃၅ |
| *အရှည်ဆုံးကျမ်းပိုဒ် | -ဧသတာ ၈း၉ |
| *အင်္ဂလိပ်အက္ခရာ (J) မှလွဲ၍အခြား အက္ခရာအားလုံးပါသည့်ကျမ်းပိုဒ် | -ဧဇရ ၇း၂၁ |
| *အင်္ဂလိပ်အက္ခရာ (Q) မှလွဲ၍အခြား အက္ခရာအားလုံးပါသည့်ကျမ်းပိုဒ် | -ဒံယေလ ၄း၃၇ |

*တစ်ခုနှင့်တစ်ခုတူနေသည့်ကျမ်းပိုဒ်-ဆာလံ ၁၀၇း၈၊၁၅၊၂၁၊၃၁ အခန်းကြီးများ

| | |
|---|---|
| *ကျမ်းတစ်အုပ်လုံး | -၁၁၈၉ |

* ဓမ္မဟောင်းကျမ်း - ၉၂၉
* ဓမ္မသစ်ကျမ်း - ၂၆၀
* ဓမ္မဟောင်း၏အလယ်အခန်းကြီး- ယောဘ ၂၉
* ဓမ္မသစ်၏အလယ်အခန်းကြီး - ရောမ ၁၃
* ကျမ်းတစ်အုပ်လုံး၏အလယ်အတိုဆုံး - ဆာလံ ၁၁၇
* ကျမ်းတစ်အုပ်လုံး၏အရှည်ဆုံးအခန်းကြီး - ဆာလံ ၁၁၉
* တူနေသည့်အခန်းကြီးများ - ၄ ရာ ၁၆ နှင့် ဟေရှာ ၃၇

စကားလုံးများ (အင်္ဂလိပ်စကားလုံးများ)
* ဓမ္မဟောင်းကျမ်း - ၅၉၂၄၃၉
* ဓမ္မသစ်ကျမ်း - ၁၈၁၂၅၃
* အရှည်းဆုံးစကားလုံး - (၁၈) လုံး MAHER-SHALAL-HASHBAZ (ဟေရှာ ၈း၁၊၃)
* နန်းသက်အတိုဆုံးဘုရင် - (၇-ရက်) ဇိမရိဘုရင် (၃ရား၁၆း၁၅)
* ဓမ္မကျမ်းစာထဲတွင် တစ်ကြိမ်တည်းတွေ့ရသောစကားလုံးများ
    - ETERNITY - အနန္တကာလ (ဟေရှာ ၅၇း၁၅)
    - GRANDMOTHER - အဘွါး (၂ တိ ၁း၅)
    - GNAT- ခြင် (မဿဲ ၂၃း၂၄)

## * ကင်းဂျိမ်းစ်ကျမ်းစာ (KJV) ၏နောက်ခံသမိုင်း

အတိကျဆုံးသော ဘာသာပြန်တစ်ခုအဖြစ် သမ္မာကျမ်းစာကို အင်္ဂလိပ်ဘာသာအဖြင့် ကျယ်ပြန့်စွာ ပုံနှိပ်ထုတ်စေနိုင်ရန် ဂျိမ်းစ်ဘုရင်ကြီး အသိအမှတ်ပြုသော ကင်းဂျိမ်းစ်ဗာရှင်း (King James Version) သမ္မာကျမ်းစာကို အေဒီ ၁၆၁၁ တွင် ဖြန့်ဝေခဲ့ပါသည်။ ဓမ္မဟောင်းကျမ်း၏မူရင်းဘာသာမှာ ဟေဗြဲဖြစ်ပြီး ဓမ္မသစ်ကျမ်းမှာ ဂရိဘာသာဖြစ်ပါသည်။ ၅ ရာစုတွင် ဂျရုမ်းက သမ္မာကျမ်းစာကိုလက်တင်ဘာသာဖြင့် ရေးသားပြုစုခဲ့ရာ ၎င်းကျမ်းစာအုပ်ကို ဗို(လ်)ဂိတ်ဟုအမည်တွင်ပါသည်။ ဗို(လ်)ဂိတ်ကို ရောမအသင်းတော်၏တရားဝင်ကျမ်းစာအဖြစ် အသုံးပြုခဲ့ရုံသာမက ၁၅၄၆ ခုနှစ်တွင်ကျင်းပသည့် ထရင်းအစည်းအဝေး (Council of Trent) က ကျမ်း(၇) ကျမ်းကိုလက်ရှိသမ္မကျမ်းစာအုပ်တွင် ထည့်သွင်း

ရန်သုံးသပ်ခဲ့ကြပါသည်။ အပိုကရစ်ဖယ်ဟုခေါ်သည့် ထိုကျမ်း(၇)ကျမ်းကို ဓမ္မဟောင်း ကျမ်းတွင်ထည့်ရန် အဆိုပြုချက်ကိုဂျူးများက အထူးကန့်ကွက်ခဲ့ကြပါသည်။ ဂျူးကျမ်းစာ၏ ဓမ္မဟောင်းကျမ်းကဏ္ဍတွင် စက်(ပ်)တူးဂျင့်ဟုခေါ်ဝေါ်ပြီး ဂျူးပညာရှိ (၇၂) ယောက်က ၇၂ ရက်အတွင်းဘာသာပြန်ပြုစုထားသည့်ဟုဆိုရိုးစကားရှိသော ကျမ်းစာကိုသာ အသိအမှတ်ပြုထားကြပါသည်။

ပုံနှိပ်စက်များမပေါ်မီက ကျမ်းစာများကို လက်ဖြင့်သာရေးသားခဲ့ကြရာ စာအုပ်အရေအတွက်အနည်းငယ်ကိုသာ ရရှိနိုင်ပါသည်။ လက်တင်ဘာသာဖြင့် ရေးထားသည် ဗို (လ်)ဂိတ် ကျမ်းစာသည် အများဆုံးဖြစ်ခဲ့ပါသည်။ လူးသာ နှင့် တိုင်(န်)ဒေးလ် တို့ကဲ့သို့သော ဘာသာရေးပြုပြင်ပြောင်းလဲရေးသမားများက ထို လက်တင်ကျမ်းစာထဲမှ ကျမ်းပိုဒ်အချို့ကို မိမိတို့ဘာသာစကားဖြင့်ပြန်ဆိုရေးသားခဲ့ပါသည်။ လူးသာက ဂျာမနီဘာသာစကားဖြင့် ဘာသာပြန်ခဲ့ပြီး တိုင်(န်)ဒေးလ်က အင်္ဂလိပ်ပြန်ဆိုခဲ့ပါသည်။ ဝစ်ကလစ်ကလည်း အေဒီ ၁၄၀၀ လောက်တွင် သမ္မာကျမ်းစာကို အင်္ဂလိပ်လိုဘာသာပြန်ဆိုခဲ့ပါသည်။ လူးသာက သမ္မာကျမ်းစာ ကို ဂျာမန်လူမျိုးများအား ဖွင့်ပြနေစဉ် တိုင်(န်)ဒေးလ် ကိုလည်း အင်္ဂလိပ်များအား အလင်းပြရန် ဝိညာဉ်တော်လမ်းပြခဲ့ပါသည်။ ဝစ်ကလစ်ဘာသာ ပြန်ရာတွင် အသုံးပြုခဲ့သည့် လက်တင်ကျမ်းစာသည် အမှားများသောမိတ္တူဖြစ်နေသဖြင့် ၎င်း၏ဘာသာပြန်ဆိုမှုများကို ပုံနှိပ်ထုတ်ဝေ ကြခြင်းမပြုခဲ့ကြချေ။ ထို့ပြင် ၎င်း၏ဘာသာပြန်လက်ရေးစာမူများသည်လည်း အလွန်ဈေးကြီးသဖြင့် လူချမ်းသာများလောက်သာလက်လှမ်းမီခဲ့ပါသည်။ ၎င်းပြင်အသင်းတော်၏တရားဝင် တားမြစ်မှုကြောင့် အလွန်နည်းပါးသောအရည်အတွက်လောက်ကိုသာ ဖြန့်ချိနိုင်ခဲ့ပါသည်။

လူးသာ၏သုတေသနစာတမ်းထွက်ပေါ်မလာမီအလျှင်နှစ်ဖြစ်သည့် ၁၅၁၆ ခုနှစ်တွင် အရာ(စ်) မတ်(စ်) သည် ဓမ္မာကျမ်းကို ဂရိနှင့်လက်တင်ဘာသာများအားဖြင့်ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ဤအရာသည် သမ္မာကျမ်းစာကို မူရင်းဘာသာစကားဖြင့် ပထမဦးဆုံးအကြိမ်အဖြစ် ပုံနှိပ်ခြင်းဖြစ်သည် ယခင်အမှားအယွင်းများကို ပြင်ဆင်ပြီးပုံနှိပ်ထုတ်ဝေခြင်းဖြစ်သဖြင့် ပို၍ အနှစ်သာရရှိလာပါသည်။ ပညာတတ်များသည် ကျမ်းစာအသိများပိုမိုကြွယ်ဝလာကာ ဘာသာရေးပြုပြင်ပြောင်းလဲရေးလုပ်ဆောင်မှုအတွက် အရှိန်အဟုန်အသစ်များရရှိလာပါသည်။ သို့စေကာမူသာမန်လူတန်းစားအများစုမှာ ကျမ်းစာ၏အလင်းကို မရရှိနိုင်ကြသေးချေ။ တိုင်(န်)ဒေး(လ်) သည် မိမိ၏လူမျိုးတို့အတွက် ဝစ်ကလစ်၏လုပ်ငန်းများ

ကို အစသတ်ခဲ့ပါသည်။ "Dead Sea Scrolls" ဟုခေါ်သည့်ကျမ်းစာလိပ်များကို ပြန်လည်တွေ့ရှိခြင်းကြောင့်လည်း သမ္မာကျမ်းစာသည် ပိုမို၍တိကျမှန်ကန် ရှင်းလင်းလာခဲ့ပါသည်။ ယခုတွင်မူ ဘာသာစကားများစွာဖြင့်ရေးသားပြုစုပြီးဖြစ်ရာ Gateway Bible တွင် ဖွင့်ယူဖတ်ရှုနိုင်ပါသည်။ မတူညီသောအရေးအသား ပုံစံများဖြင့် တူညီသောကျမ်းချက်များကို တချိန်တည်းတွင် လေ့လာနိုင်ကြပါပြီ၊ http://www.bible.gospel.com.net ဝက်ဆိုက်မှတဆင့်လည်း ဖွင့်ယူဖတ်ရှုနိုင်ကြပါသည်။

## * သမ္မာကျမ်းစာသည် မှန်ကန်ပါသလား?

သမ္မာကျမ်းစာတွင် ရေးသားဖေါ်ပြထားသည့် အနာဂတ္တိစကားအများစုသည် ပြည့်စုံခြင်းသို့ရောက်ကြပါပြီ၊ ထိုအချက်ကြောင့်ထိုကျမ်းစာအပေါ်တွင် ယုံကြည်မှုများတိုးပွါးလာကြပါသည်။ ကမ္ဘာ့ရာဇဝင်ကို ထိုအနာဂတ္တိအလင်းများဖြင့်လေ့လာခြင်းသည်လည်း ထိုကျမ်းစာကို ပို၍ယုံကြည်စိတ်ချစေပါသည်။ ဗာဗုလုန်ခေတ်မှသည် ကပ်ကာလအဆုံးအထိ ဖြစ်ပျက်မည့်အရာများ၏ အကြမ်းဖျင်းဖွင့်ဆိုချက်တစ်ခုကို နေဗုခဒ်နေဇာမင်းကြီးအား ထာဝရဘုရားပေးသနားခဲ့ပါသည်။ ထိုအနာဂတ္တိစကားကို သုံးသပ်နိုင်ရန် ဒံယေလကျမ်း ၂ တွင်ရေးသားထားသည့်အရာများကို ဖတ်ရှုလေ့လာကြပါ။ ဗာဗုလုန်အင်ပါယာမှသည်ရောမအင်ပါယာအထိ အဆင့်ဆင့်ဖြစ်ပေါ်ပျောက်ကွယ်သွားကြမည့် ကမ္ဘာ့အင်ပါယာကြီးများအကြောင်းကို ဗာဗုလုန်ရှင်ဘုရင်နေဗုခဒ်နေဇာအား ထာဝရဘုရား အသိပေးတော်မူခဲ့ပါသည်။ နောက်ဆုံးသောရောမအင်ပါယာကြီးကို (၁၀) နိုင်ငံအဖြစ်ပိုင်းခြားလိုက်ခြင်းကြောင့် ယခုခေတ် ဥရောပနိုင်ငံများ ပေါ်ထွန်းလာခဲ့ရပါသည်။ လူလက်ဖြင့်ထုလုပ်ခြင်းမရှိဘဲပေါ်ထွန်းလာသော ကျောက်တုံးကလေးအားဖြင့် ပုံဆောင်ထားသည့် ဘုရင်ကြီးမှာ ခရစ်တော်ကြွလာခြင်းနှင့် ထာဝရနိုင်ငံတော်တည်ထောင်ခြင်းကို ရည်ညွှန်းပါသည်။

အခြားဒံယေလကျမ်းများကလည်း ထိုသတင်းစကားကိုပင်အခြားနည်းလမ်းများကိုအသုံးပြုကာ အသေးစိတ်တင်ဆက်ထားပါသည်။

အဖြစ်အပျက်များကိုမဖြစ်မီ နှစ်ပေါင်းများစွာကြိုတင်ကာသမ္မာကျမ်းစာတွင်အနာဂတ္တိစကားအဖြစ်ဖွင့်ဆိုတော်မူခဲ့ပါသည်။ ထိုအနာဂတ္တိစကားတွင်ဖွင့်ဆိုသည့်အတိုင်းပင် အမှန်တကယ်ဖြစ်ပျက်လာခဲ့ကြပါသည်။ အဘယ်ကြောင့်သမ္မာကျမ်းစာကိုမှန်ကန်သည်ဟု ကျွန်ုပ်တို့ယုံကြည်နိုင်ကြပါမည်နည်း။ ပထမအချက်မှာ အဖြစ်အပျက်များကိုဘုရားသခင်တစ်ဆူတည်းကသာ နှစ်ပေါင်း

များစွာကြို၍ပြောဆိုနိုင်တော်မူသည်ဆိုသောအချက်ဖြစ်ပြီး ဒုတိယအချက်မှာ ယနေ့ရင်ဆိုင်နေရသောမေးခွန်းများ၏ အဖြေကိုရာစုနှစ်ပေါင်းများစွာကတည်း ကရေးထားသည့်ထိုသမ္မာကျမ်းစာထဲမှာ ကျွန်ုပ်တို့လေ့လာတွေ့ရှိနေကြသည် ဟူသောအချက်ဖြစ်ပါသည်။

*** သမ္မာကျမ်းစာကိုဘုရားသခင်မှုတ်သွင်းထားသောအရာဖြစ်သည်ဆို တာ မှန်ပါသလား။**

သမ္မာကျမ်းစာကိုဘုရားသခင်မှုတ်သွင်းထားသည်ဆိုသည့် အထောက် အထားများတွင်အနာဂတ္တိစကားများ တူးဖော်တွေ့ရှိချက်များညီညွတ်စွာပေါင်း စည်းခြင်း တိကျခြင်းနှင့်ခရစ်တော်ကိုဖော်ပြခြင်းများတို့ပါဝင်ကြပါသည်။

<u>အနာဂတ္တိစကား။</u>

အောက်ဖော်ပြပါအချက်များကို ရာဇဝင်နှင့်နှိုင်းယှဉ်လေ့လာကြည့်ပါ။ ဗာဗုလုန်နိုင်ငံ (ဟေရှာယ ၁၃း၁၉-၂၂)၊ တုရုမြို့ (ယေဇကျေ ၂၆း၃-၅) ဇိဒုန်မြို့ (ယေဇကျေ ၂၈း၂၁-၂၃)၊ ကုရုမင်း [Cyrus] (ဟေရှာ ၄၄း၂၈၊ ၄၅း၁) မီဒိုပါရှား နှင့်ဂရိ (ဒံ ၈း၂၀-၂၁) နှင့်ခရစ်တော်၏မွေးရပ်မြေ (မိက္ခာ ၅း၂)

တူးဖော်တွေ့ရှိချက်များ။ ၁၈၆၈ ခုနှစ်တွင်ဂျော်ဒန်ပြည် ဒိဘုန်အရပ် တွင်တူးဖော်တွေ့ရှိသည့် မောဘကျောက်တုံးအရ ၄ရာ အခန်းကြီး ၁ နှင့်၃ တို့တွင် မှတ်တမ်းတင်ထားသကဲ့သို့ မောဘလူများကဣသရေလများအား တိုက်ခိုက်ခဲ့သည် ဆိုသည့်အချက်သည်မှန်ကန်ကြောင်း အတည်ပြုထားပါသည်။

ဗေရရှေဘမြို့၏မြောက်ဘက် ၂၄ မိုင်အကွာ၌ ၁၉၃၂-၃၈ခုနှစ်များတွင် တူးဖော်ရရှိခဲ့သော LACHISH စာလိပ်များအရ ဘီစီ ၅၈၆ တွင်ယေရုရှင်လင် မြို့ကို နေဗုခဒ်နေဇာမင်းကြီးဝင်ရောက်တိုက်ခိုက်သည်ဆိုသည့် သမ္မာကျမ်းစာ၏ ဖွင့်ဆိုချက်ကိုမှန်ကန်ကြောင်းအတည်ပြုနိုင်ပါသည်။

၁၉၄၈ ခုနှစ်တွင် DEAD SEA SCROLLS ဟုလူသိများသောစာလိပ် များကိုတူးဖော်ရရှိခဲ့ပါသည်။ ဘီစီ ၁၅၀-၁၇၀ လောက်တွင်ဖြစ်ပျက်သည့်အရာများ အကြောင်းအထိ ထိုစာလိပ်များ၌ပါရှိပြီး ဧသေတာဝတ္ထုမှလွဲ၍ဓမ္မဟောင်းကျမ်း တစ်ခုလုံးပါရှိနေပါသည်။ ဤတူးဖော်တွေ့ရှိချက်က သမ္မာကျမ်းစာ၏တိကျမှုကို အတည် ဖြစ်စေပါသည်။

ဗာဗုလုန်နိုင်ငံအပေါ်ကုရုမင်းကြီးအောင်ပွဲဆင်ခဲ့ပုံနှင့်ယုဒသုံ့ပန်းများ ကိုထိုမင်းကြီးပြန်လွှတ်ပေးခဲ့သည့်အကြောင်းများကို Cyrus' Cylinder က မှတ် တမ်းတင်ထားရာ သမ္မာကျမ်းစာကိုရာဇဝင်ကထောက်ခံထားပါသည်။

နပိုလီယံ၏သိပ္ပံပညာရှင်များက အီဂျစ်ပြည်၌ ၁၇၉၉ ခုနှစ်တွင်တူးဖော်ရရှိခဲ့သည်။ ရိုဆက်ထာကျောက်တုံး၌ အရုပ်များဖြင့်ရေးသောဘာသာစကား ဈေးသုံးစကားနှင့်ဂရိစကားစသည့် ဘာသာစကား ၃ မျိုးနှင့်ရေးသားမှတ်တမ်းတင်ထားသည်ကိုတွေ့ရပါသည်။ဤတူးဖော်တွေ့ရှိချက်ကြောင့်အရုပ်များကိုဆွဲကာ ရေးသားဖော်ပြသည့်ဘာသာစကားကိုနားလည်လာပါသည်။ ဤဘာသာစကားကိုနားလည်ခြင်းသည်လည်း သမ္မာကျမ်းစာ၏မှန်ကန်ခြင်းကို အတည်ဖြစ်စေပါသည်။

ညီညွတ်စွာပေါင်းစည်းခြင်း။

ညီညွတ်စွာပေါင်းစည်းမှုရှိခြင်းသည်လည်း ဘုရားသခင်မှုတ်သွင်းခြင်း ဖြစ်ကြောင်းကိုထင်ရှားစေသည့် အထောက်အထားတစ်ခုဖြစ်ပါသည်။ သမ္မာကျမ်းစာကို ဘုရားသခင်မှုတ်သွင်းထားခြင်းဖြစ်ကြောင်း ကျမ်းချက် ၃၀၀၀ ကျော်တွင် ဖော်ပြထားရာ သမ္မာကျမ်းစာကိုယ်တိုင်ကလည်း သက်သေခံနေပါ သည်။ ပုဂ္ဂိုလ်တစ်ဦးသည်အဓိကဆောင်ပုဒ်ကို နားလည်သဘောပေါက်လျက် ကျမ်းချက် အချင်းချင်းဆက်နွယ်မှုများကို ရှင်းလင်းအောင်လေ့လာသောအချိန်တွင် ရှုပ်ထွေးမှုများကို ရှင်းလင်းစေသည့် ညီညွတ်စွာပေါင်းစည်းမှုရှိခြင်းကို ကျမ်းစာ တစ်ခုလုံးတွင် ထင်ရှားစွာတွေ့မြင်လာနိုင်ပါသည်။

တိကျမှန်ကန်ခြင်း။

တိကျမှန်ကန်သောစာအုပ်တစ်အုပ်ဖြစ်ကြောင်း နှစ်ပေါင်းများစွာထင်ရှားစေခဲ့ခြင်းသည် ဘုရားသခင်မှုတ်သွင်းထားသောစာအုပ်ဖြစ်ကြောင်း ခိုင်မာသောအထောက်အထားတစ်ခုဖြစ်ပါသည်။ မည်သည့်စာအုပ်ကိုမျှ ဤမျှများပြားသောကျမ်းပြုဆရာများသည် ဤမျှကြာအောင် မပြုစုခဲ့ဖူးပါချေ။

ခရစ်တော်ကိုဖော်ပြခြင်း။

သမ္မာကျမ်းစာသည် ဘုရားသခင်မှုတ်သွင်းခြင်းခံရသောစာအုပ်ဖြစ်ကြောင်းအထင်ရှားဆုံးအထောက်အထားမှာ ခရစ်တော်ကိုဖော်ပြထားခြင်းနှင့် ထိုကျမ်းစာကိုလေ့လာသူများ၏အသက်တာတွင် ထင်ရှားသည့်ပြောင်းလဲခြင်းများပင်ဖြစ်ပါသည်။ (ယောဟန် ၅း၃၉၊ တမန် ၄း၁၂၊ မဿဲ ၁၁း၂၆-၂၈)

**⁕ သမ္မာကျမ်းစာသည်ယုံကြည်ခြင်းအတွက်ခိုင်မာသောစည်းမျဉ်းတစ်ခုဖြစ်ပါသလား။**

ကက်သလစ်အသင်းတော်နှင့် ပရိုတက်စတင့်အသင်းတော်များအကြားရှိ

အဓိကသဘောထားမတိုက်ဆိုင်ခြင်းများမှာ သမ္မာကျမ်းစာကိုအနက်ဖွင့်ခြင်း အပေါ်တွင်အခြေပြုနေပါသည်။ ကက်သလစ်အသင်းတော်က ရိုးရာဓလေ့နှင့် သမ္မာကျမ်းစာကို ဗျာဒိတ်တော်အတွက် တူညီသောတရားဝင်အခြေအမြစ်များ အဖြစ်မှတ်ယူကြသည်။ သမ္မာကျမ်းစာအနက်ဖွင့်ခြင်းဆိုင်ရာ တန်ခိုးအာဏာသည် ရောမတွင်ရုံးစိုက်သောဘုန်းတော်ကြီး၏ သွန်သင်မှုတန်ခိုးအာဏာသာဖြစ်သည် ဟုလည်းမှတ်ယူကြပါသည်။ ပရိုတက်စတင့်အသင်းတော်ကမူ ရိုးရာဓလေ့များကို အလေးမထားပဲ သမ္မာကျမ်းစာတစ်ခုတည်းအပေါ်တွင်သာ တိမ်းညွှတ်လိုသော သဘောရှိပါသည်။ ခက်ခဲနက်နဲသောကျမ်းချက်များနှင့် ရင်ဆိုင်ရသည့်အခါတိုင်း ကျမ်းချက်တစ်ခုကိုအခြားကျမ်းချက်တစ်ခုက အနက်ဖွင့်စေဖို့သူတို့ကြိုးစားလေ့ရှိ သည်။ ခရစ်တော်က ကိုယ်တော်၏အချိန်တွင်အထင်အရှားရှိနေကြသော ဘာသာ ရေးခေါင်းဆောင်များအား ဤကိစ္စနှင့်ပတ်သက်၍ဆိုဆုံးမခဲ့သည်ကို သင်ပြန်လည် စဉ်းစားလျှင်သတိရပါလိမ့်မည်။ (မာကု ၇း၇-၉) သို့ရာတွင် ‘ ပရိုတက်စတင့် အသင်းတော်တိုင်းသည် သမ္မာကျမ်းစာကိုမိမိတို့မြင်သလို ရှင်းပြဖို့ကြိုးစားနေခြင်း အားဖြင့် မိမိကိုယ်ကိုဘုရားများအဖြစ်တင်မြှောက်နေကြသည်’ ဟု မာလခိမာတင် ကဌင်းရေးသော‘The Keys of This Blood’ စာအုပ်တွင်ရောမ အသင်းတော် ၏ယူဆချက်ကို ရေးသားတင်ဆက်ထားပါသည်။

သမ္မာကျမ်းစာကို လေ့လာသူများဟုခေါ်ဝေါ်ခြင်းခံရသည့် ပုဂ္ဂိုလ်များ လွန်ကျူးနေသောအမှားများထဲမှ တစ်ခုသောအမှားမှာ တင်ကူးမှန်းဆထားချက် များနှင့်သမ္မာကျမ်းစာကိုလေ့လာကာ ၎င်းတို့၏တင်ကူးမှန်းဆချက်ကို အတည်ပြု နိုင်ရန် သမ္မာကျမ်းစာကို ကိုင်ဆွဲခြင်းပင်ဖြစ်သည်။ လှည်းကိုရှေ့ကမသွားစေပဲ မြင်းကိုရှေ့မှဆွဲစေသကဲ့သို့ အသက်တာအတွက်လိုအပ်သော စည်းမျဉ်းများကို သိရှိရန် သမ္မာကျမ်းစာကိုဖတ်ရှုလေ့လာကြရမည်ဖြစ်ပါသည်။ ထိုနောက်မှမိမိတို့ ၏အသက်တာကိုဆန်းစစ်ကာ ထာဝရဘုရား၏အကူအညီဖြင့်ပြင်ဆင်စရာများ ကိုပြင်ဆင်ကြရပါမည်။

သမ္မာကျမ်းစာတစ်အုပ်လုံးသည် ဘုရားသခင်မှုတ်သွင်းထားတော်မူရာ ဖြစ်သဖြင့် ဘုရားသခင်၏သားသမီးများသည် စုံလင်ကောင်းမြတ်သူများဖြစ်လာ စေဖို့ ဩဝါဒပေးရာတွင်လည်းကောင်း၊ အပြစ်ကိုဖော်ပြပြီးဆုံးမရာတွင်လည်း ကောင်း၊ ဖြောင့်မှန်စွာပြုပြင်သွန်သင်ရာတွင်လည်းကောင်း၊ အသုံးဝင်သောစာအုပ် ဖြစ်ကြောင်း ၂တိ ၃း၁၆ တွင်ရှင်းပြထားပါသည်။ သမ္မာကျမ်းစာသည် ယုံကြည် ခြင်းအတွက် အခြေခံစည်းမျဉ်းတစ်ခုဖြစ်သည်ဟုဤကျမ်းချက်က ပြောမထား

သော်ငြားလည်းသမ္မာကျမ်းစာသည် လူတစ်ဦးတစ်ယောက်အား ကောင်းသော အကျင့်ကိုကျင့်စေနိုင်သည့်ယုံကြည်ခြင်းနှင့် ပြည့်ဝလာစေရန် ပြင်ဆင်ပေးသည်ဆို သည့်အချက်မှာ ရှင်းလင်းထင်ရှားနေပါသည်။ ထို့ကြောင့် ယုံကြည်ခြင်း၏အခြေ ခံစည်းမျဉ်းကို ပေးနိုင်မည့်အခြားပုဂ္ဂိုလ် (ဝါ) အခြားစာအုပ်များကို ကျွန်ုပ်တို့ရှာနေ စရာမလိုပါတော့ချေ။ ၎င်းပြင်သမ္မာကျမ်းစာထဲတွင် သွန်သင်ထားသည့် ဧဝံဂေလိ တရားတော်မှလွဲ၍ မည်သည့်လူသားများသွန်သင်သော စည်းမျဉ်းများနှင့် ဧဝံဂေလိတရားဟုခေါ်သောအရာများကို လက်မခံမိအောင်သတိထားကြဖို့လည်း သမ္မာကျမ်းစာကသတိပေးထားပါသည်။ (မာကု ၇း၆-၈၊ ၂ကော ၁၁း၄၊ ဂလာ ၁း၆-၉)

၂သက်သာ ၂း၁၅ နှင့် ၁ကော ၁၁း၂ တို့တွင်ဖော်ပြထားသည့်သွန်သင် ချက်၊

အဘယ့်ကြောင့် ၂ သက် ၂း၁၅ကို နှုတ်ထွက်သွန်သင်ချက်တစ်ခုအဖြစ် ရည်ညွှန်းထားသနည်း၊ 'ရိုးရာ' ဟူသောအနက်ကို ရရှိသည်၊ မူလဂရိဘာသာစကား ၏မူရင်းအဓိပ္ပါယ်မှာ 'သွန်သင်ခြင်းအားဖြင့်လက်ဆင့်ကမ်းခဲ့သည့်အရာများ' ဟူ ၍ဖြစ်ပါသည်။ လက်ဆင့်ကမ်းသည့်စကား၏သဘောတရားများသည် ထိုစကား များကို ပြောနေသောပုဂ္ဂိုလ်ထက် အရေးပါလှပါသည်။ ထို့ကြောင့် ဤကျမ်းချက် တွင် ထိုအရာသည် ရှင်ပေါလုတို့လက်ခံရရှိကာ သစ္စာရှိရှိဖြင့် သက်သာလောနိ မြို့သားများထံ လက်ကမ်းပို့ဆောင်သော ဘုရားသခင်မှတ်သွင်းထားသည့်သတင်း စကားများကို ရည်ညွှန်းပါသည်။

၁ကော ၁၁း၂ တွင်မူ တစ်ကိုယ်ရေကျင့်သုံးရမည့်အသက်တာစည်းမျဉ်း နှင့် ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာစည်းကမ်းများကို ကောရိန်သုမြို့သားများအား ရှင်ပေါလုပြောနေကြောင်း ဖွင့်ဆိုထားသည်။ ၎င်းတို့ကို ရှင်ပေါလုတရားမဟော ခဲ့ပါ။ လူ့အသက်တာနှင့်အသင်းတော်စည်းကမ်းကျနမှုများအတွက် ကိုယ်ပိုင် စည်းမျဉ်းများ သတ်မှတ်စည်းကြပ်ရန်လည်း ၎င်းတို့အားခွင့်ပြုခြင်းမရှိခဲ့ပါ။

ရှင်ပေါလုသည် မိမိတည်ထောင်ခဲ့သည့်အသင်းတော်များအတွက် လုပ်ဆောင်စရာရှိသမျှကို လုပ်ဆောင်ပေးခဲ့ရုံသာမက အသင်းသားအသစ်များ အလိုတော်နှင့်အညီ အသက်ရှင်နေထိုင်ခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်းများတွင် စိတ်ချယုံကြည်မှုရရှိစေမည့်ညွှန်ကြားချက်များကိုလည်းပေးခဲ့ပါသည်။ (၁ကော ၄း၁၇၊၇း၁၇၊ ၂သက် ၂း၁၅) သူသည် ဤသို့လုပ်ဆောင်ပြခြင်းအားဖြင့် ဓမ္မဆရာ များအတွက် ပုံသက်သေကိုထားခဲ့ပါသည်။ အသင်းတော်အသစ်များအနေဖြင့်

မိမိတို့၏အသက်တာအတွက် သခင်ဘုရားအလိုရှိသောအရာတို့ကို မိမိတို့အကောင်အထည်ဖေါ်နေကြောင်း စိတ်ချနိုင်စေရန်အလို့ငှါ အသင်းတော်နှင့်ပတ်သက်သောကိစ္စများအတွက်ပါ ၎င်းတို့အား ပြည့်ပြည့်စုံစုံ ညွှန်ကြားပေးသင့်ကြပါသည်။

ရှင်ပေါလု၏နှုတ်တိုက်သွန်သင်ချက်များဆိုသည့်အရာသည် ဤကျမ်းချက် (၂) ခုကဖွင့်ဆိုသောအရာများကို ရည်ညွှန်းပါသည်။ The Oral Tradition ဆိုသည့်စကားရပ်တွင် Tradition ကို 'သွန်သင်ချက်' ဟုဘာသာပြန်လျှင်ပို၍ကောင်းသည်ဟုအကြံပြုထားပါသည်။

## ⁕ သမ္မာကျမ်းစာကိုမည်သည့်ဘာသာစကားဖြင့် ရှေးဦးစွာ မှတ်တမ်းတင်ခဲ့သနည်း။

ဓမ္မဟောင်းကျမ်းကို ဟေဗြဲဘာသာအားဖြင့်လည်းကောင်း၊ ဓမ္မသစ်ကျမ်းကို ဂရိဘာသာအားဖြင့်လည်းကောင်း၊ ရှေးဦးပထမမှတ်တမ်းတင်ခဲ့ပါသည်။

သမ္မာကျမ်းစာကို ဘာသာပြန်ဆိုခြင်းများ၊-

ပထမဦးဆုံးသောအင်္ဂလိပ်ကျမ်းစာကို ဝစ်ကလစ်က အစပျိုးရေးသားခဲ့ပြီး ၁၃၈၈ ခုနှစ်တွင် ဂျွန်ပါးဗေး (John Purvey) က လက်စသတ်ဘာသာပြန်ဆိုခဲ့ပါသည်။ ဧဇရာ ၄း၈ - ၆း၁၈၊ ၇း၁၂-၂၆၊ ဒံယေလ ၂း၄ - ၇း၂၈၊ ယေရမိ ၁၀း၁၁ စသည့်ကျမ်းချက်များနှင့်တကွ ကမ္ဘာဦး ၃၁း၄၇ ထဲမှဝေါဟာရတစ်လုံးကို ဟေဗြဲဘာသာနှင့် မရေးသားပဲ အာရမစ်ဘာသာဖြင့်ရေးသားထားပါသည်။ စပိန်ဘာသာစကားနှင့် ပေါ်တူဂီဘာသာစကားတို့ကဲ့သို့ ဟေဗြဲဘာသာနှင့် အာရမစ်ဘာသာတို့သည် အလွန်တူကြပါသည်။ အက္ခရာစကားလုံးများမကွဲပြားကြသော်လည်း ထိုဘာသာစကားနှစ်ခုမှာ တစ်မျိုးစီဖြစ်ကြပါသည်။

ထိုဘာသာစကားနှစ်ခုအနက် မည်သည့်ဘာသာစကားဖြင့်ရေးထားသည့်ကျမ်းစာကို ကင်းဂျိမ်းစ်ကျမ်းဘာသာပြန်ယူခဲ့ပါသနည်း။

အသက် ၂၇ နှစ်နှင့် ၇၃ နှစ်အကြားရှိ ကောလိပ်ကထိကများ တရားဟောဆရာနှင့် ဘုန်းတော်ကြီးများ စုစုပေါင်း၅၄ ယောက်သည် ထိုကျမ်းစာဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းဘာသာပြန်ဆိုခဲ့ကြပါသည်။ ပြောင်မြောက်စွာလုပ်ကိုင်ဆောင်ရွက်နိုင်ရန် ၎င်းတို့ကို ခြောက်ဖွဲ့ခွဲလိုက်ပြီး ၂ ဖွဲ့သည် အောက်စဖို့တက္ကသိုလ်တွင်လည်းကောင်း၊ ၂ ဖွဲ့သည် ကင်းဘရစ်ချ်တက္ကသိုလ်တွင်လည်းကောင်း၊ ၂ ဖွဲ့သည် ဝက်စ်မင့်စတာတက္ကသိုလ်တွင်လည်းကောင်း၊ အဖွဲ့များခွဲကာ

ဘာသာပြန်လုပ်ငန်းကိုလုပ်ဆောင်ကြပါသည်။ အဖွဲ့တစ်ဖွဲ့စီသည် သမ္မာကျမ်းစာမှ ကဏ္ဍတစ်ခုကိုသာအာရုံပြုပြီး ဘာသာပြန်ကြရာ အဖွဲ့ဝင်တစ်ဦးစီသည် မိမိတို့အား တာဝန်ပေးထားသည့်အစိတ်အပိုင်းကိုသာ ဘာသာပြန်ဆိုကြပါသည်။ လမ်းညွှန်ကျမ်းများအဖြစ် ဟေဗြဲဘာသာဖြင့် ရေးသားထားသည့် ဓမ္မဟောင်းကျမ်း ဂရိဘာသာဖြင့်ရေးသားထားသည့် ဓမ္မသစ်ကျမ်း အာရမစ်ဘာသာဖြင့်ရေးသားထားသည့် ကျမ်းပိုဒ်များကို အသုံးပြုကြပါသည်။ ခါလဒဲဘာသာ၊ လက်တင်ဘာသာ စပိန်ဘာသာ၊ ပြင်သစ်ဘာသာ၊ အီတလီဘာသာ၊ ဒတ်ချ်ဘာသာများဖြင့် ဘာသာပြန်ဆိုထားသည့်ကျမ်းစာများနှင့်လည်း ၎င်းတို့တိုက်ဆိုင်စစ်ဆေးကြပါ သေးသည်။ ၎င်းပြင်စီလျံတိုင်(န်)ဒေးလ် ဘာသာပြန်ဆိုသည့်အင်္ဂလိပ်ကျမ်းစာအ ပါအဝင် အင်္ဂလိပ်လိုကနဦးဘာသာပြန်ဆိုထားသည့်ကျမ်းစာ (၆) အုပ်ကိုလည်း ၎င်းတို့ အမှီအငြမ်းပြုခဲ့ကြပါသည်။ ထို့ကြောင့် ကင်းဂျိမ်းအင်္ဂလိပ်ကျမ်းစာကို ရေးသားပြန်ဆိုရာတွင် ရနိုင်သမျှသော ဘာသာစကားအမျိုးမျိုးနှင့်ရေးသားထား သည့် ကျမ်းစာများကို အမှီအငြမ်းပြုခဲ့ကြပါသည်။ ပထမဦးဆုံးသော အမေရိကန်ကျမ်းစာကို ၁၇၅၂ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

သမ္မာကျမ်းစာ၏အစိတ်အပိုင်းတစ်ခုခုကိုလည်းကောင်း၊ အစိတ်အပိုင်းအားလုံးကိုလည်းကောင်း၊ ၁၉၆၄ ခုနှစ်အိ ဘာသာစကား ၁၂၀၀ နှင့် ဘာသာပြန် ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။

## * သမ္မာကျမ်းစာကို မည်သူရေးသားခဲ့သနည်း။

ရှင်မောရှေသည် သမ္မာကျမ်းစာ၏ ပထမစာအုပ် (၅) အုပ်ကို ဘီစီ ၁၄၀၀ တွင် အစပြုရေးသားခဲ့ပြီး နောက်ဆုံးစာအုပ်ဖြစ်သော ဗျာဒိတ်ကျမ်းကို အေဒီ ၉၅ တွင်တမန်တော်ရှင်ယောဟန်ကရေးသားခဲ့ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ပဲ့ပြင်မှုအောက်တွင် ပုရောဖက် (၄၀) ကျော်သည် သမ္မာကျမ်းစာရှိစာအုပ်များကိုရေးသားခဲ့ကြပါသည်။ (၂တိ ၃း၁၆-၁၇ ကိုကြည့်ပါ)

ထိုကျမ်းရေးဆရာများတို့သည်မတူညီသောခေတ်အခါများတွင် အသက်ရှင်နေထိုင်ခဲ့ကြရာ အချို့မှာ တစ်ဦးနှင့်တစ်ဦး နှစ်ပေါင်းရာနှင့်ချီ၍အသက်ကွာခြားမှုရှိခဲ့ကြပါသည်။ ၎င်းတို့အချင်းချင်းတစ်ဦးကိုတစ်ဦး မသိကြသည်ကများပါသည်။ အချို့မှာစီးပွားရေးသမားများ၊ ကုန်သည်များ၊ အချို့မှာသိုးကျောင်းသား၊ တစ်ချို့မှာတံငါသည်များ၊ စစ်သားများ၊ ဆရာဝန်များ၊ တရားဟောဆရာများဖြစ်ကြပြီး အချို့မှာမူရှင်ဘုရင်များဖြစ်ကြသည်။ ၎င်းတို့သည်မတူညီသောအစိုးရများ

အောက်တွင်မတူညီသောယဉ်ကျေးမှုနှင့်မတူညီသောအတွေးအခေါ်များဖြင့် အသက်ရှင်နေထိုင်ခဲ့ကြပါသည်။ သို့သော်၎င်းတို့ရေးသားထားသည့်စာအုပ် ၆၆ အုပ် (ဝါ) အခန်းကြီး ၁၁၈၉ (ဝါ) အခန်းငယ် ၃၁၁၇၃ တို့သည်သတင်းစကား တစ်ခုတည်းကိုတစ်သံတည်းဖွင့်ဆိုနေကြသည်မှာ အံ့သြစရာပင်ဖြစ်နေပါသည်။ ထို့ကြောင့် 'သမ္မာကျမ်းစာသည်ရိုးရိုးစာစုတစ်ခုမဟုတ်။ တစ်အုပ်လုံးကိုတစ်ခုတည်း ဖြစ်စေရန်စည်းနှောင်ထားသည့် စည်းလုံးမှုနှင့်ပြည့်စုံသောစာအုပ်ဖြစ်သည်' ဟု ကျမ်းတတ်ဆရာ FF ဘရု(စ်) ကဖွင့်ဆိုခဲ့ပါသည်။

ထိုကျမ်းရေးဆရာများသည် မိမိတို့အသက်ရှင်စဉ်တွင်ဘုရား၏သတင်း စကားများကိုနှုတ်ဖြင့်ဟောကြားခဲ့ကြသလို၊ လက်ဖြင့်လည်းရေးသားမှတ်တမ်းတင် ခဲ့ကြပါသည်။ ၎င်းတို့သေဆုံးသွားသည့်အချိန်တွင်လည်း ၎င်းတို့ရေးသားခဲ့သည့် စာများကဆက်လက်အသက်ရှင်နေကြပါသည်။ ဤအနာဂတ္တိသတင်းစကားများ ကိုသမ္မာကျမ်းစာဟုခေါ်သည့်စာအုပ်ထဲ၌ ဘုရားသခင်၏ဦးဆောင်မှု အောက်တွင် ထိုစဉ်ကစုစည်းခဲ့ကြပါသည်။

သမ္မာကျမ်းစာတွင်ဖွင့်ဆိုထားသည်မှာ "ကျမ်းစာ၌ပါသောအနာဂတ္တိ စကားမည်သည်ကား ကိုယ်အလိုအလျောက်အနက်မပေါ်ဟု ရှေ့ဦးစွာသိမှတ် ကြလော့။ အကြောင်းမူကားအနာဂတ္တိစကားသည်လူအလိုအားဖြင့်ဖြစ်ဖူးသည် မဟုတ်။ ဘုရားသခင်၏သန့်ရှင်းသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏တိုက် တွန်းတော်မူခြင်းကိုခံရ၍ ဟောပြောကြ၏" ဟူ၍ဖြစ်၏။ (၂ပေ ၁း၂၀-၂၁)

သမ္မာကျမ်းစာပါ သတင်းစကားများကိုပုရောဖက်များအား သန့်ရှင်းသော ဝိညာဉ်တော်က ဖော်ပြတော်မူခဲ့သည်။ ထိုပုရောဖက်များသည် မိမိတို့၏အလိုအရ မရေးသားကြပဲ ဝိညာဉ်တော်၏ပို့ပြင်မှုအောက်တွင်ရေးသားခဲ့ကြသည်။ ထို့ကြောင့် သမ္မာကျမ်းစာသည် ထာဝရဘုရားပိုင်တော်မူသည့်စာအုပ်ဖြစ်ပါသည်။

"ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုသွင်းတော်မူသောအားဖြင့်ဖြစ်၍ ဘုရားသခင်၏လူသည်စုံလင်သောသူ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်း အလို့ငှာပြင်ဆင်သောသူဖြစ်မည်အကြောင်း သြဝါဒပေးခြင်း၊ အပြစ်ကိုဖော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း၊ ကျေးဇူးများကိုပြုတတ်၏" (၂တိ ၃း၁၆-၁၇) သန့်ရှင်းသော ဤသမ္မာကျမ်းစာသည်လူသားများအား လေးနက်စွာ အကျိုးသက်ရောက်စေပါသည်။ အကြောင်းမှာ ကျမ်းစာရှိသမျှတို့ကို ထာဝရ ဘုရားမှုတ်သွင်းတော်မူခဲ့ပါသည်။ ဤကျမ်းစာအုပ်သည်ကိုယ်ကျင့်တရားဆိုင်ရာ စည်းမျဉ်းပေါင်းချုပ်တစ်ခုထက်သာလွန်သော စာအုပ်တစ်အုပ်ဖြစ်ပါသည်။

မြင့်မြတ်သောစာအုပ်ထက်လည်း သာလွန်ပါသည်။ ဤကျမ်းစာအုပ်သည်ဘုရားသခင်မှုတ်သွင်းတော်မူသည်။ ဘုရားသခင်၏စာအုပ်တစ်အုပ်ဖြစ်ပါသည်။ ထိုပုရောဖက်များမှာ ၎င်းတို့မြင်ရ၊ ကြားရသောသတင်းစကားများကို ပြန်လည်ဖေါက်သည်ချထားကြရာ။ ၎င်းတို့ဖေါက်သည်ချသောသတင်းစကားများသည် ဘုရားသခင့်ထံမှတိုက်ရိုက်လာသည့် သတင်းစကားများသာဖြစ်နေပါသည်။

*** ဝိညာဉ်တော်ကိုကဲ့ရဲ့သောအပြစ်(ဝါ) အပြစ်လွှတ်ခြင်းအခွင့်ကိုမရနိုင်သောအပြစ်။**

'ငါဆိုသည်ကားပြစ်မှားသောအပြစ် ဘုရားကိုကဲ့ရဲ့သောအပြစ်အမျိုးမျိုးတို့နှင့်လွတ်စေခြင်းအခွင့်ကိုလူတို့သည်မရနိုင်ကြ'ဟုယေရှုခရစ်မိန့်ဆိုထားပါသည်။ (မဿဲ ၁၂း၃၁) ဤကျမ်းချက်နှင့်ပတ်သက်သည့်နောက်ခံသမိုင်းကြောင်းကလေးကိုသုံးသပ်ကြည့်ပါ။ အချို့ယုဒမြို့များကခရစ်တော်အား လက်မခံကြကြောင်းကို မဿဲ ၁၁ ထဲတွင်တွေ့ရပါသည်။ နှစ်ခြင်းဆရာယောဟန်ကလည်း ၎င်း၏မြော်လင့်ချက်များမပြည့်စုံခဲ့သဖြင့်ခရစ်တော်အပေါ် သံသယဝင်နေပါသည်။ သို့ရာတွင်ခရစ်တော်ကိုအကြီးအကျယ်ငြင်းဆိုခြင်းတည်းဟူသော ဖါရိရှဲတို့၏ငြင်းဆိုမှုကို မဿဲ ၁၂း၃၁-၃၂ ကရည်ညွှန်းဖေါ်ပြနေပါသည်။

ခရစ်တော်အားငြင်းဆိုမှုဆိုင်ရာ အကြောင်းအရာကလေးတစ်ခုကို ဗေလဇေဗုလအကြောင်းရေးသားထားသည် မဿဲ ၁၂း၂၂-၃၇ တွင်လည်းတွေ့ရပါသည်။ ဤဇတ်လမ်းကလေးသည် နတ်ဆိုးစွဲနေသော မျက်မမြင်တစ်ဦးကို ကုသပေးရာမှ အစပြုခဲ့ပါသည် လူအပေါင်းတို့သည် တွေ့မြင်ရသောနိမိတ်လက္ခဏာများကြောင့် ခရစ်တော်အပေါ်အားကိုးစိတ်များပေါ်လာကာ ယေရှုသည် ဒါဝိတ်၏သား (မေရှိယ) မဖြစ်နိုင်ဘူးလားဟူသောသုံးသပ်မှုများ အစပြုလာခြင်းသည် ယုဒခေါင်းဆောင်များအတွက် စိုးရိမ်စရာဖြစ်လာပါသည်။

ပြတော်မူလျက်ရှိသော နိမိတ်လက္ခဏာများအပေါ် ထိုဖါရိရှဲများ မငြင်းဆန်နိုင်ကြသော်လည်း ထိုနိမိတ်လက္ခဏာများသည် ဘုရားသခင့်ထံမှလာသောအရာများမဟုတ်ဟု ၎င်းတို့ငြင်းဆိုနိုင်ကြပါသည်။ ၎င်းတို့ဆိုလိုသည်မှာ ခရစ်တော်သည် နတ်ဆိုးကြီးနှင့်အဖွဲ့ကျသူတစ်ဦးဖြစ်သည်ဟူသောအချက်ပင်ဖြစ်သည်။ (ငယ် ၂၄)

မိမိသည် နတ်ဆိုး၏တန်ခိုးကို အသုံးပြုကာ လူတို့အားအနာငြိမ်းစေသည်မှာမှန်လျှင် စာတန်၏နိုင်ငံသည် မကြာမီမှာပင်ပြိုကွဲပျက်စီးသွားတော့လိမ့်မည်ဟု ခရစ်တော်သည် ထိုသူများအားချက်ချင်းချေပပြောဆိုတော်မူလိုက်ပါသည်။

(ငယ် ၂၅-၂၈) ခရစ်တော်အမှန်တကယ်ပြောဆိုလိုသည့်အရာမှာ သူသည် နတ်ဆိုး၏အကြီးဆုံးရန်သူတစ်ဦးဖြစ်သည်ဆိုသည့်အချက်ဖြစ်သည်။ သန်မာအားကောင်းသူတစ်ဦး၏အိမ်ထဲသို့ဝင်၍သူ၏ဥစ္စာများကို လုယူနိုင်ရန် ထိုသန်မာသူအားရှေ့ဦးပထမ ချည်နှောင်သောသူခိုးတစ်ဦးနှင့်လည်း မိမိကိုကိုယ်ကို ခရစ်တော်ခိုင်းနှိုင်းထားပါသေးသည် (ငယ် ၂၉) အဓိပ္ပါယ်မှာ ခရစ်တော်ယေရှုသည် မိမိ၏သားသမီးများကို ကယ်နှုတ်ရန် ဤလောကကိုအစိုးရသောမင်း၏ ပိုင်နက်ထဲသို့ချင်းနင်းဝင်ရောက်ခဲ့ပြီးဆိုသည့်အချက်ပင်ဖြစ်ပါသည်။ (ယောဟန် ၁၂း၃၁၊ ၁၄း၃၀၊ ၁၆း၁၁)

ဗေလဇေဗုလ နတ်ဆိုးအကြောင်းနှင့်ပတ်သက်၍ထိပ်တိုက်ရင်ဆိုင်မှု၏အထွက်အထိပ်ကို မဿဲ ၁၂း၃၀-၃၂ တွင်တွေ့ရပါသည်။ အကောင်းနှင့်အဆိုးတိုက်လှန်ပွဲတွင်မည်သူမျှကြားနေဝါဒကို ကျင့်သုံးခွင့်မရနိုင်ကြောင်း ခရစ်တော်ကတရားနာပရိသတ်အားသတိပေးလိုက်ရုံသာမက ဘုရားသခင်ထံမှလာသောအံ့ဖွယ်နိမိတ်လက္ခဏာများအတွက် ကိုယ်တော်ရှင်အား၊ အသားပေး၊ အမွှန်းတင်ခြင်းမပြုပဲ ထိုအရာများအတွက်နတ်ဆိုးကို အသားပေးအမွှန်းတင်နေသူများသည် အပြစ်လွှတ်ခြင်းအခွင့်ကိုမရနိုင်သည့်အပြစ်ကို ကျူးလွန်နေချေပြီ (ငယ် ၃၁) သားတော်ဘုရားကိုကဲ့ရဲ့ပြောဆိုသော အပြစ်များသည်အပြစ်လွှတ်ခြင်းအခွင့်ရနိုင်သည်ဟု သမ္မာကျမ်းစာအဆိုအရ ဖွင့်ဟထားသည်မှာမှန်သော်လည်း ဝိညာဉ်တော်ဘုရား၏လမ်းပြမှုအောက်တွင် ခရစ်တော်အားမေရှိယဖြစ်ကြောင်း၊ ယုံကြည်လက်ခံထားသူများသည် ကိုယ်တော်အား ကဲ့ရဲ့သောစကားများဖြင့် စော်ကားကြတော့မည်မဟုတ်ပါချေ။ ကဲ့ရဲ့သောစကားများကိုပြောဆိုခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏တိုက်တွန်းခြင်းကို စိတ်နှလုံးထဲမှနေ၍ငြင်းပယ်နေခြင်းဖြစ်ပါသည်။ အကျိုးဆက်အနေဖြင့်အပြစ်များကို ဝန်ချတောင်းပန်ကာနောင်တရကြဖို့လမ်းပြနေသောဝိညာဉ်တော်ဘုရား၏လုပ်ဆောင်မှုကို မတုန့်ပြန်နိုင်တော့လောက်သည်အထိ ဒြတ္တပ္ပစိတ်သည်မာကြောသွားပါတော့သည်။ (၁တိ ၄း၂၊ တိတု ၁း၁၅၊ ယောဟန် ၁၆း၈) ထိုကဲ့သို့ငြင်းဆန်ကြသူများသည် ဘုရားသခင်၏ဝိညာဉ်တော်လက်လှမ်းမမှီနိုင်တော့သည့်နေရာသို့ရောက်သွားချေပြီ အကြောင်းမှာ၎င်းတို့သည်ဘုရားသခင်က ၎င်းတို့အားလက်လှမ်းမှီနိုင်မည့်တစ်ခုတည်းသောလမ်းကြောင်းကိုပိတ်ပစ်ခဲ့ကြချေပြီ။ ဤအခြေအနေမျိုးသို့ရောက်ရှိသွားသူများသည်မြော်လင့်ချက်တစ်စုံတစ်ရာ မထားနိုင်ကြတော့ချေ။ အပြစ်လွှတ်ခြင်းအခွင့်ကိုမရနိုင်သည့်အပြစ်ကို သူတို့ကျူးလွန်မိခဲ့ကြချေပြီ။

စိတ်ထိခိုက်လွယ်သည့် များစွာသောခရစ်ယာန်များကမိမိတို့သည် အပြစ်လွှတ်ခြင်းအခွင့်ကိုမရနိုင်သည့်အပြစ်မျိုးကိုကျူးလွန်ခဲ့ကြပြီလားဟု စိတ်ပူ နေကြပါသည်။ ထိုကဲ့သို့စိတ်ပူနေခြင်းကပင်၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏မိန့်ဆိုချက်များကိုနားထောင်နေဆဲဖြစ်ကြောင်း ဝိညာဉ်တော် ဘုရားကို တုန့်ပြန်ရန်ဆန္ဒရှိဆဲဖြစ်ကြောင်း ဖော်ပြနေခြင်းဖြစ်သည်။ "သန့်ရှင်းသော ဝိညာဉ်တော်ကိုဆန့်ကျင်ကာ အပြစ်လုပ်လိုသည့်စိတ်သည်ပူပန်မှုကင်းသည့် 'ဘူး' ခံတတ်သည့်စိတ်မျိုးဖြစ်သည်။ နောင်တမရသည့်စိတ်ဓါတ် နောင်တရဖို့ဆန္ဒ ကင်းသောစိတ်ဓါတ်မျိုးဖြစ်သည်။ ထိုအရာသည်နမော်နမဲ့လုပ်ဆောင်မှုတစ်ခုမဟုတ်ပဲ မာကြောသည့်အခြေအနေတစ်ခုဖြစ်ပါသည်ဟု F.Bruner က ဖွင့်ဆိုရှင်းပြထားပါသည်။ ( Bruner, 1:462)

လူတို့ပြောဆိုသောစကားများအားဖြင့်၎င်းတို့၏အခြေအနေမှန်ကို ဖွင့်ဟနိုင်ကြောင်းခရစ်တော်က မဿဲ ၁၂း၃၃-၃၇ တွင်ဆက်လက်ဖွင့်ဟထားပါသည်။ ခရစ်တော်၏လုပ်ဆောင်မှုများကို ဘုရားသခင်၏မစမှုကြောင့်ဟု မပြောပဲနတ်ဆိုး၏တန်ခိုးနှင့်လုပ်နေသည့်ဟု လောလောဆယ်ပြောဆိုနေသည့် ထိုဖါရိရှဲများ၏နှုတ်တွင်ဤကဲ့သို့သော် သမ္မာတရားများမတည်ရှိနိုင်ပါ။ မဿဲ ၁၂း၂၂-၃၇ ၏ဆိုလိုရင်းမှာ ၎င်းတို့သည် ဤအမှုအရာများကိုဆက်လက်လုပ်ဆောင်နေကြလျှင်အဆုံးတွင် အပြစ်လွှတ်ခြင်းအခွင့်ကို မရနိုင်သည့်အပြစ်မျိုးကို ကျူးလွန်ကြတော့မည်ဟူ၍ဖြစ်သည်။

**မည်သူသည် ကာဣန၏ဇနီးဖြစ်သနည်း။**

"လူသည်မိမိထွက်သောမြေ၌လုပ်ရမည့်အကြောင်း ထာဝရအရှင်ဘုရားသခင်သည်ဧဒင်ဥယျာဉ်ကလွှတ်လိုက်တော်မူ၏။ ထိုသို့လူကိုနှင်ထုတ်ပြီးလျှင် အသက်ပင်လမ်းကိုစောင့်ရှောက်စေခြင်းငှာ မီးစက်လက်နက်နှင့်တကွခေရုဗိမ်တို့ကိုဥယျာဉ်အရှေ့ဘက်၌ထားတော်မူ၏ဟု ဧဒင်ဥယျာဉ်ထဲမှထွက်သွားရသောအာဒံနှင့်ဧဝ တို့အကြောင်းကိုသမ္မာကျမ်းစာတွင်မှတ်တမ်းတင်ထားပါသည်"(ကမ္ဘာ ၃း၂၃-၂၄) ဤအချိန်တွင်အာဒံနှင့်ဧဝ တို့၌သားသမီးထွန်းကားခြင်း မရှိသေးချေ။

'ထိုနောက်လူအာဒံသည်မယားဧဝနှင့်ဆက်ဆံသဖြင့် ဧဝသည်ပဋိသန္ဓေစွဲယူ၍ကာဣန ကိုဖွားမြင်တော်မူ၏' (၄း၁) ရှေသကိုဖွားမြင်သောနောက်အာဒံသည် အနှစ်ရှစ်ရာအသက်ရှင်၍သားသမီးများကိုမြင်လေ၏။ (၅း၄)

ကမ္ဘာ ၄း၁၇ တွင်ကာဣနသည် မိမိမယားနှင့်ဆက်ဆံသဖြင့်သူသည် ပဋိသန္ဓေ စွဲယူ၍သားဧနောက်ကိုဖွားမြင်လေ၏ဟုဖော်ပြထားပါသည်။ သိသာထင်ရှားသောအချက်တစ်ချက်မှာ 'အချင်းတို့များပြားစွာမွေးဖွာကြလော့' ဟူသောဘုရား၏အမိန့်တော်ကိုလူသားများ ဖြည့်ဆည်းနိုင်ရန်ညီအစ်ကိုမောင်နှမအချင်းချင်း လက်ထပ်ထိမ်းမြားခြင်းမှလွဲ၍ အခြားရွေးချယ်စရာမရှိတော့သည့် အချက်ပင်ဖြစ်သည်။ နှမဖြစ်သူကိုလက်ထပ်ခဲ့သော အာဗြဟံကိုကြည့်ခြင်းအားဖြင့် လည်းထိုဓလေ့ကိုအချိန်အတန်ကြာ ထိန်းသိမ်းခဲ့ကြကြောင်းသိရပါသည်။ သို့ရာတွင်ဤကဲ့သို့သောလက်ထပ်ထိမ်းမြားခြင်းများကို နောက်ပိုင်းတွင်ထာဝရ ဘုရားတားမြစ်တော်မူခဲ့ပါသည်။ (ဝတ်ပြုရာ ၁၈း၆-၁၇)

**သေဒဏ်ပေးခြင်းသည်သမ္မာကျမ်းစာ၏သွန်သင်ချက်ဖြစ်ပါသလား။**

ဝတ်ပြုရာကျမ်း ၂၀း၁၄နှင့် ၂၁း၉ တို့သည်ဣသရေလနိုင်ငံ၏ဥပဒေများတွင်အပါအဝင်ဖြစ်ကြသည့် ဤနေရာတွင်ဆွေးနွေးစရာအရာမှာ မီးရှို့သတ်သည့် သေဒဏ်အကြောင်းပင်ဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့ယနေ့ကျင့်သုံးနေသောယဉ်ကျေးမှုအရထိုအပြစ်ပေးနည်းသည် ရှေးကျသောအပြစ်ပေးနည်းတစ်ခုအဖြစ်မှတ်ယူကြသည်။ သို့ရာတွင်ဤအပြစ်ပေးနည်းသည် ခဲနှင့်ပေါက်သတ်ခြင်း၊ ကပ်တိုင်တင်၍သတ်ခြင်းများထက်များစွာပို၍ လူသားချင်းစာနာသည့်အပြစ်ပေးနည်း ဖြစ်သည်ဟုဖွင့်ဆိုကြပါသည်။ (မီးရှို့အသတ်ခံရသောပုဂ္ဂိုလ်သည်အောက်စီဂျင်ဓါတ်ချို့တဲ့မှုကြောင့်အသေမြန်ပါသည်)။

ဤကျမ်းချက်နှစ်ခုတွင်ဖော်ပြထားသောအပြစ်များသည် အလွန်ဝမ်းနည်းစရာကောင်းပါသည်။ မှန်ကန်သောပုံသက်သေပြရန်ခေါ်တော်မူခြင်းခံရသည့်ဓမ္မအမှုဆောင်များ၏အိမ်ထောင်(ဝါ) သားသမီးများကျူးလွန်နေသောအပြစ်များသည်အထူးသဖြင့်စက်ဆုပ်ဖွယ်ရာကောင်းလှပါသည်။ လိင်ဖေါက်ပြန်သည့်အပြစ်သည်လည်းအလွန်ဆိုးဝါးပါသည်။ ကိုယ်တော်ရှင်သည်မိမိလူတို့နှင့်မိမိအကြားဆက်နွယ်မှုကိုသန့်ရှင်းဖြူစင်သော လက်ထပ်ထိမ်းမြား ခြင်းပုံနှိုင်းပြောဆိုလေ့ရှိပါသည်။ ခရစ်တော်သည်သတို့သားဖြစ်၍ ကိုယ်တော်၏လူတို့တည်းဟူသောအသင်းတော် သတို့သမီးဖြစ်၏။ ဤကျမ်းချက်များတွင် ဖေါ်ပြထားသည့် အရာများကို စဉ်းစားမိ သည့်အချိန်တွင် လိင်ဖေါက်ပြန်မှုသည် အထူးရွံ့ရှာစက်ဆုပ်ဖွယ်ဖြစ်လှပါသည်။ ဤကဲ့သို့သောအပြစ်များကိုဓမ္မဟောင်းခေတ် ဣသရေလနိုင်ငံ တွင်ပြင်းပြင်ထန်ထန်အရေးယူခဲ့ပါသည်။ (သေဒဏ်ပေးသည့်အပြစ်များစွာရှိရာတွင်

ဥပုသ်နေ့ကို ချိုးဖောက်သောအပြစ်ကိုလည်း ပါဝင်ပါသည်။ (တောလည် ၁၅း၃၁-၃၆)။၏

**နတ်ဝင်သည်လုပ်ငန်းအကြောင်းနှင့်ပတ်သက်၍ ဘုရားသခင်ကမည်သို့ မိန့်ဆိုထားသနည်း။**

သမ္မာကျမ်းစာတွင်ဖေါ်ပြထားသည့်နတ်ဝင်သည်လုပ်ငန်းကိုယခုခေတ်တွင် Charneling ပေါင်းကူးပေးသည့်လုပ်ငန်းဟုလည်းခေါ်ကြပါသည်။ နတ်ဝင်သည်တစ်ဦးသည် ဝိညာဉ်ကမ္ဘာမှလာသော လျှို့ဝှက်သောဆက်သွယ်မှုများအတွက် ပေါင်းကူးတံတားသဖွယ်ဖြစ်လာသည့် နားလည်ရန် ခက်ခဲဆန်းပြားသောပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ ထိုနတ်ဝင်သည်လုပ်ငန်း သို့မဟုတ် အောက်လမ်းအတတ်အကြောင်းကို ထာဝရဘုရားမည်သို့ဖွင့်ဆိုထားသနည်း “ကိုယ်ကိုကိုယ်ညစ်ညူးစေခြင်းငှါ နတ်ဝင်သူကို မမှီဝဲရ” ဝတ် ၁၉း၃၁

အောက်လမ်းပညာသည် နတ်ဆိုးဝိညာဉ်များကို အသုံးပြုသည့်ပညာတစ်ခုဖြစ်ပြီး ရှေးအခါကပင် ရှိထားခဲ့ပြီးဖြစ်ပါသည်။ ခေတ်သစ်နတ်ဝင်သည်များသည် အရှေ့တိုင်း ကမ္မဋ္ဌာန်းရှုခြင်းအကျင့်အားဖြင့် ဤပညာကိုလေ့လာ တတ်ကြပါသည်။ သြတ္တပ္ပစိတ်၏အခြေအနေကို အနည်းငယ်ပြောင်းလဲလိုက်ခြင်းကြောင့် ထိုနတ်ဝင်သည်သည် ဝိညာဉ်ကပေးသည့်သတင်းများကို စိတ်အားဖြင့်သိရှိနားလည်လာပါသည်။ နတ်ဝင်သည်၏ငြိမ်သက်နေသောစိတ်ထဲတွင် သိရှိခံစားလာရသော ကြည်လင်ပြတ်သားသည့် ‘စိတ်ကူးအသံ’ ကလေးတစ်ခုပေါ်ထွက်လာပါသည်။ အတွေ့အကြုံရင့်ကျက်သောနတ်ဝင်သည်များသည် ၎င်း၏ပုံမှန်အသံနေအသံထားနှင့် လုံးဝကွဲပြားခြားနားသော အသံနေအသံထားဖြင့်ပြောဆိုလျှက် ထိုဝိညာဉ်၏ထိန်းချုပ်မှုအောက်တွင် လုံးလုံးရောက်သွားသည့်ဘဝင်ကျခြင်း၌ ဝင်စားသွားနိုင်ကြပါသည်။ ထိုသို့ဖြစ်ပေါ်ခံစားခြင်းကို မြင့်မြတ်သောအဆင့်သို့ပြောင်းလဲသွားကြသော မျက်မြင်မရသည့်ဝိညာဉ်များနှင့် ရပ်ဝေးဆက်သွယ်မှုပြုခြင်းဟုဖွင့်ဆိုကြပါသည်။ တစ်ခါတရံတွင် နတ်ဝင်သည်သည် မိမိနှင့်အဆက်အသွယ်ပြုနေသော ဝိညာဉ်ကို တန်ခိုးနှင့်အမှန်တရားပြည့်စုံသော ပုံအသွင်မျိုးဖြင့် ရှုပါရုံရနေတတ်ပါသည်။ ထိုဝိညာဉ်များသည် များသောအားဖြင့် အဝတ်ဖြူများကိုဝတ်ဆင်လျှက် အရောင်အဝါတောက်ပနေတတ်ကြပါသည်။ ရရှိသောသတင်းများသည် မြင့်မြတ်သော ဉာဏ်ပညာနှင့် အမှန်တရားများကို ကိုယ်စားပြုထားသဖြင့် လူသားများအတွက် အကျိုးရှိစေသည့်အရာများဖြစ်သည်ဟုနတ်ဝင်သည်

များက ဖွင့်ဆိုကြပါသည်။

အောက်လမ်းအတတ်သည် သာသနာပလူတို့အကြားတွင် အသုံးများသော အရာတစ်ခုဖြစ်သည်။ ထို့ကြောင့် သင်၏ဘုရားသခင်ထာဝရဘုရားပေးတော်မူသောပြည်သို့ သင်သည် ဝင်စားသောအခါ ထိုပြည်၌နေသော လူမျိုးတို့ ပြုတတ်သော စက်ဆုပ်ရွံရှာဖွယ်အမှုတို့ကို ပြုခြင်းငှါမသင်ရ၊ သင်တို့တွင် မိမိသားမယားကို မီးဖြင့်ပူဇော်သောသူ ဖြစ်လတံ့သောအမှုကို ကိုယ်ဉာဏ်နှင့်ဟောပြောသောသူ ကာလဗေဒင်ကိုကြည့်သောသူ မကောင်းသောအတတ်ကိုပြုစုသောသူ၊ လူသေကိုမေးမြန်းသောသူတစ်စုံတစ်ယောက်မျှမရှိရ၊ ထိုသို့ပြုတတ်သောသူအပေါင်းတို့ကို ထာဝရဘုရား စက်ဆုပ်ရွံရှာတော်မူ၏။ ထိုစက်ဆုပ်ရွံရှာဖွယ်အမှုများတို့ကြောင့် သင်၏ဘုရားသခင်ထာဝရဘုရားသည် ထိုလူမျိုးတို့ကို သင့်ရှေ့မှ နှင်ထုတ်တော်မူ၏ဟု ခါနန်ပြည်ထဲသို့ဝင်ခါနီးအချိန်တွင် ဣသရေလများအား ထာဝရဘုရားသတိပေးတော်မူခဲ့ပါသည်။ (တရားဟော ၁၈း၁၂)

ဣသရေလစစ်တပ်အား ဖိလိတ္တိများက တိုက်ခိုက်ခါနီးအချိန်ကလေးတွင် ဣသရေလရှင်ဘုရင်ရှောလုသည် အင်္ဒေါရမြို့မှ နတ်ဝင်သည်များကို အားကိုးသတင်းယူရန် ကြိုးစားခဲ့ပါသည်။ ရှောလုသည် ဘုရားသခင်ကိုဆန့်ကျင်ကာ နတ်ဝင်သည်များ၏ မစမှုကို ရယူဖို့ကြိုးစားခဲ့သည်။ 'ရှောလုသည် အဝတ်လဲ၍ ထူးခြားသော အယောင်ကိုဆောင်လျက် ညဉ့်အခါလူနှစ်ယောက်နှင့်တကွ ထိုမိန်းမဆီသို့သွား၍ ရောက်ပြီးလျှင် သင်ပေါင်းသောနတ်ကို အမှီပြု၍ သင့်အားငါပြောမည့်သူကိုဖေါ်ပြလော့ဟုတောင်းပန်လေ၏' ၁ရာ ၂၈း၈။ ထို့နောက်ရှောလုသည် သေဆုံးပြီးသောလူသေရှမွေလ၏ဝိညာဉ်ကို ပြရန်တောင်းဆိုလျက် "မစိုးရိမ်နှင့် အဘယ်အရာကိုမြင်သနည်း ဟုမေးသော် မိန်းမက မြေကြီးထဲက ဘုရားတက်လာသည်ကို ကျွမြင်ပါသည်ဟုလျှောက်၏။ အဘယ်သို့သောအယောင်ဆောင်သနည်း ဟုမေးပြန်လျှင် လူအိုတက်လာပါ၏ ဝတ်လုံခြုံလျှက်ရှိပါ၏ဟုလျှောက်ပြန်လျှင် ရှမွေလဖြစ်ကြောင်းကို ရှောလုသည် ရိပ်မိ၍ မြေပေါ်မှာ ဦးညွှတ်ပြဝတ်လျှက်နေ၏" (ငယ် ၁၃-၁၄)

အတွဲ (၂) သို့ ➢